# ကယားလူမျိုးတို့၏ ကင်ပွန်းတပ်အမည်ပေးခြင်းနှင့် အမွေဆက်ခံခြင်းဓလေ့ထုံးစံများ

## ကင်ပွန်းတပ်အမည်ပေးခြင်း

ကယားကလေးငယ်များကို ပြုစုစောင့်ရှောက်သည့်အခါတွင် ရိုးရာဓလေ့ထုံးစံအရ ထိန်းသိမ်းစောင့်ရှောက်ကြသည်။ မွေးကင်းစကလေးငယ်ကို အမည်ပေးသောအခါ နှီးကိုချိုး၍လည်းကောင်း၊ကြက်ရိုးထိုးကြည့်၍လည်းကောင်း အမည်ပေးလေ့ရှိကြသည်။ ကလေးကို အမည်ပေးပြီးနောက် မကြာခဏဖျားနာလျှင် သို့တည်းမဟုတ် စိတ်ကောက်၍ငိုတတ်လျှင် အမည်သစ်တစ်ခုကို ထပ်မံပြောင်းလဲပေးလေ့ရှိကြသည်။ထို့ကြောင့်အချို့သော ကယားကလေးငယ်များတွင် အမည်နာမ လေး၊ငါးမျိုးခန့် ရှိနေတတ်ကြသည်။

ကယားအမျိုးသမီးများ မီးထွက်ချိန်၌ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ကလေးကိုအမည်ပေးရန် ရည်ရွယ်၍ ကြက်ကလေး သို့မဟုတ် ကြက်ငယ်တစ်ကောင်ကို ရိုးရာဓလေ့ထုံးစံအရ ကြက်ရိုးထိုးလေ့ရှိကြသည်။ ကယားဘာသာစကားဖြင့် ရှေးလော့ ခေါ်ကြက်သွေးချိုးရန်အတွက် ကြက်တစ်ကောင်၏ လည်ပင်းသွေးကိုယူ၍ကလေးမိခင်၏ နောက်ကြောနှင့်နဖူးတို့ကို သုတ်လိမ်းပေးရပြီး ယင်းကြက်၏အသားကို မီးနေသည်

စားရန်အတွက်ထားရှိရသည်။ရှေးရိုးအခေါ် ကင်ပွန်းရည် သဘောမျိုးအနေဖြင့်အသုံးပြုသော ကြက်သွေးကို ခွက် တစ်လုံးဖြင့်ခံယူထားရသည်။များသောအားဖြင့် ၎င်းသွေး ကို ဝါးခြမ်းခွက်ဖြင့် ထားလေ့ရှိကြသည်။

ဝါးချည်ကြိုးများတွင် ပုတီးလုံးတစ်လုံးစီ ထိပ်၌ ချည်၍ ထိုကြိုးတစ်ချောင်းစီကို ကြက်သွေးခွက်ထဲတွင် နှစ်ထားပြီး မီးနေသည်လာမေးသူတို့၏ လက်ကိုချည်ပေး လေ့ရှိကြသည်။မီးနေသည်လာမေးသူ ဧည့်သည်တို့က လည်း အပြန်တွင်အိမ်ရှင်၏ ဝင်းထရံတစ်နေရာ၌ ထို ကြိုးကို ပြန်ချိတ်ခဲ့ပြီး နှုတ်မှလည်း အိမ်ရှင်တို့ဘေး အန္တရာယ်ကင်းရှင်းပါစေဟု ဆုတောင်းကြရသည်။

ကြက်သွေးသုံးခြင်းမှာ ကင်းပွန်းရည် သဘောမျိုး ပင်ဖြစ်ခြင်း အသားကိုသားသမီးများမမွေးဖွားနိုင်တော့ သည့်အဖွားကြီးများသာ စားသုံးခွင့်ရှိပြီး လူငယ်နှင့် အခြားသူများ စားသုံးခွင့်မရှိကြပေ။ သို့သော်ငြား ယနေ့ ကာလတွင် ထိုသို့ကြက်သွေးသုံးစွဲသူများ အလွန်နည်းပါး သွားပြီဖြစ်ကြောင်းသိရသည်။

တစ်အိမ်သားလုံးမင်္ဂလာရှိစေရန်အတွက် ရှေးပယ် ခေါ် ကြက်ကိုချက်၍ တစ်အိမ်သားလုံးစားသုံးနိုင်ကြပြီး အခြားသူများကိုလည်းကျွေးမွေးနိုင်သည်။သို့သော် ရှေးမိ

ခေါ်ကြက်ကိုမူ မွေးကင်းစကလေးများ အမည်ပေးရန် အတွက်သာအသုံးပြုကြသည်။ယင်းကြက်သားကို ကြက်ခိုးစင်ပေါ်တွင်တင်ထားရပြီး အဆိုပါကြပ်ခိုးစင် မပျက်စီးသ၍ ကြက်သားကိုတင်ထားရပြီး ကြက်သားကို မပစ်ရချေ။ ခွေးများကြောင်များကိုလည်း ကျွေးမွေးခြင်းမပြုရသလို ယင်းအသားကို အိမ်သားများစားမိပါကလည်း လာဘ်တိတ်တတ်သည်ဟုအယူရှိကြသည်။ထို့ပြင်ကလေး၏ နာမည်နှင့်ထပ်တူထပ်မျှဖြစ်သူများသာစားသုံးနိုင်ပြီး အခြားသူများစားသုံးခွင့်မရှိပေ။ကလေးကို နာမည်ပေးရာတွင် လူကြီးတစ်ဦးဦး၏ အမည်ကိုယူ၍ အမည်ပေးလေ့ရှိကြသည်။ထိုသို့အမည်ပေးခံရသော လူကြီးသည် ရှေးမိကြက်သားကိုစားသုံးနိုင်သည်။ကြက် လေးကောင်ကိုသတ်၍ ထိုသို့ပြုလုပ်ခြင်းမှာပူဇော်ပသ တင်မြှောက်သည့်သဘောမျိုးမဟုတ်သော်လည်း အန္တရာယ်ကင်းစေရန် ကြက်ရိုးထိုးပြီးကျွေးမွေးပွဲတစ်မျိုးပင်ဖြစ်၍ ယင်းဓလေ့မှာ ကယားတိုင်းရင်းသားတို့၏ ယုံကြည်မှုတစ်ရပ်ပင်ဖြစ်သည်ဟုဆို၏။







## အမွေဆက်ခံခြင်း

ကယားတိုင်းရင်းသားတို့သည်အမွေဆက်ခံခြင်းနှင့်ပတ်သက်၍ သေတမ်းစာရေးသားလေ့မရှိချေ။ သို့ရာတွင် ၎င်းတို့၏ ဓလေ့ထုံးစံအရ အမွေခွဲဝေရာတွင် သားသမီး အထွေးဆုံးက အမွေကိုပိုမိုရရှိပြီး ကျန်သားသမီးများက ညီတူညီမျှ ခွဲဝေယူကြရသည်။ အထွေးဆုံးသားသမီးများ သည် လက်ထပ်ထိမ်းမြားပြီးသော်လည်း မိဘနှင့်ပင် တသက်လုံးနေထိုင်၍မိဘများကို ဂရုစိုက်ပြုစုကြပြီးအိမ်ခွဲနေလေ့မရှိကြချေ။ထို့ကြောင့်အထွေးဆုံးသားသမီးများသည်အမွေပစ္စည်းဝေစုအပြင်မိမိတို့နေထိုင်သည့်အိမ်ကိုပါ အမွေရရှိကြသည်။

အမွေခွဲဝေသည့်အခါတွင် ရပ်ရွာလူကြီးများကဦးစီး၍ခွဲဝေပေးကြသည်။ထို့အတူ ပယဲတိုင်းရင်းသားနှင့်ယင်းခေတ်တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံအရသားအထွေးဆုံးကအမွေကို ပိုမိုရရှိကြသည်။မနုမနောတိုင်းရင်းသားတို့၏ အမွေခွဲဝေမှုတွင် မိဘနှင့်အတူနေသူက မိဘကွယ်လွန်သည့်အခါ မိဘများနေထိုင်သော အိမ်ကိုပိုင်ဆိုင်ခွင့်ရရှိကြသည်။ ထို့ကြောင့်အမွေခွဲဝေရာ၌အခြားသားများထက် သားအငယ်ဆုံးက ပိုမိုရရှိသည်ဟုဆိုနိုင်သည်။



အိမ်ထောင်ခွဲသားသမီးများသည် အိမ်ခွဲနေသော်လည်း မိဘများကိုအကူအညီပေးလေ့ရှိကြသည်။သားသမီးမြေး၊ မြစ်တို့က ၎င်းတို့၏အိမ်မှာပင် အဖိုးအို၊ အဖွားအိုများကို လုပ်ငန်းဆောင်တာများနှင့်ပတ်သက်သော ကိစ္စရပ်များကို တိုင်ပင်နှီးနှော အကြံဉာဏ်တောင်းခံလေ့ရှိကြသည်။ အိမ်ထောင်မရှိသော ဦးကြီး၊အရီးကြီး အစရှိသည်တို့ကိုလည်း ၎င်းတို့၏အိမ်ပေါ်တွင်ခေါ်ထားလေ့ရှိကြသည်။

အိမ်ထောင်ဖက်ရွေးချယ်ရာတွင် မိဘသဘောတူသူကိုသာ များသောအားဖြင့် ရွေးချယ်လေ့ရှိကြသည်။ သွေးသားအလွန်နီးစပ်သူအချင်းချင်း ယူရိုးထုံးစံမရှိကြချေ။ မောင်နှမဝမ်းကွဲ၊ ဦးလေးနှင့်တူမ၊ အဒေါ်နှင့်တူတို့သည် ကယားတိုင်းရင်းသားတို့၏ ဓလေ့ထုံးစံအရ လက်ထပ်ပိုင်ခွင့်မရှိကြချေ။

## ချစ်စရာသွေးချင်းကယန်းနှင့်ကြေးကွင်းစွပ်ဓလေ့

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်တွင် နေထိုင်ကြသောသွေးချင်းသားချင်း ကယန်းလဟွီ(ကယန်းပဒေါင်)၊ကယန်းလထာ(ဇယိမ်း)၊ကယန်းကငန်(ယင်းဘော်)၊ကယန်းဂေခိုဂေဘား(တောင်ပေါ်ကရင်)များသည် ဝတ်စားဆင်ယင်မှု မတူညီကြပါ။ကယန်း(ပဒေါင်)နှင့်ကယန်းလထာ(ဇယိမ်း)အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုမှာမည့်သည့်တိုင်းရင်းသားလူမျိုးနှင့်မှမတူပါ။ သီးခြားမြင်တွေ့ရသည်။ကယန်းလငန်(ယင်းဘော်)သည် ကယားနှင့်နီးစပ်၍အမျိုးသမီးဆင်ယင်မှုဆင်တူသည်။ ကယန်းဂေခို၊ကယန်းဂေဘား ဝတ်စားဆင်ယင်မှုက ကရင်ဝတ်စုံနှင့်နီးစပ်သည်။

ယခုခေတ် ကယန်းအမျိုးသမီး လုံမပျိုတို့သည် နားနှစ်ဖက်တွင်ငွေနားတောင်း၊ငွေနားဆွဲများဆင်မြန်းမှု၊ကြေးကွင်းစွပ်ဓလေ့လည်း မရှိသလောက် နည်းပါးသွားသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)သွေးချင်းကယန်းတို့၏ကြေးခွေပတ်ခြင်းဓလေ့သည် ယခုအခါပျောက်လုဆဲဆဲအနေအထားဖြစ်သည်။သွေးချင်းကယန်းတိုင်းရင်းသူများ

ကြေးခွေပတ်ခြင်းဓလေ့သည် မည်သည့်အချိန်မှ စတင်ခဲ့သည်ကို တိတိကျကျမှတ်တမ်း မတွေ့ရပါ။ မည့်သည့်အကြောင်းအရာကြောင့် ကြေးခွေပတ်ရသည်ကိုလည်း ခိုင်လုံတိကျသော အထောက်အထားမတွေ့ရပါ။

မိုးဗြဲဒေသရှိ သွေးချင်းရှမ်းတိုင်းရင်းသားတို့၏ "ဝတ်တောင်း"ကြေးခွေပတ်ခြင်းဟူသော ရှမ်းစကား အထောက်အထားသာရှိသည်။သွေးချင်းကယန်းတို့ မိုးဗြဲရောက်လာမှ ကြေးခွေပတ်ဓလေ့ကို လက်ခံကျင့်သုံးဟန်တူသည်။သွေးချင်းကယန်းတို့သည် လည်ပင်းနှင့်နောက်ကျောတွင်လူမျိုးအမှတ်အသားအဖြစ်ဆေးမင်ကြောင်ထိုးရာမှ ကယန်းလူမျိုးစုက ကြေးခွေပတ်၍ အမှတ်အသားပြုလာကြသည်။

မူလအမှတ်အသားအဖြစ် လည်ပင်းတွင်အလှဆင်ရာမှကြေးခွေများများပတ်လျှင် ပိုလှသည်။အမျိုးသားများက ပိုမိုစိတ်ဝင်စားသည်ဟူ၍ သွေးချင်းကယန်းလုပျိုဖြူများ၊စိတ်သဏ္ဍာန်ဝယ် ထင်ဟပ်လာပြီး ကြေးခွေပိုမိုတပ်ဆင်လာကြသည်။

ရုပ်ရည်လှပသော်လည်း ကြေးခွေများများမဝတ်ဆင်နိုင်ပါက ဂုဏ်ငယ်သည်ဟုထင်လာကြသည်။ အလှဆင်ကြေးခွေပတ်ခြင်းဓလေ့ကကယန်းပဒေါင်နှင့်ကယန်း

လထာ၊ဇယိမ်းမတူကြပါ။ကယန်းပဒေါင် လှပျိုဖြူက လည်ပင်း၊ဒူးခေါင်း၊အောက်ခြေသလုံးများတွင် ကြေးခွေ ပတ်၍ ဝတ်ဆင်ကြသော်လည်း ကယန်းလထာ၊ဇယိမ်း တို့က လက်တံတောင်ဆစ်မှ လက်ကောက်ဝတ်အထိသာ အပြည့်ပတ်ထားကြသည်။ဒူးအောက်တွင်ကြေးခွေသုံးခွေ သာပတ်သည်။ ခြေသလုံးကိုသစ်စေးသုတ်သော ကြိုးဖြင့် ပတ်ထားသည်။

ကယန်းပဒေါင်လှပျိုဖြူများသည်အသက် ခုနစ်နှစ်၊ ရှစ်နှစ်ကလေးဘဝတွင်ကြေးခွေစတင်ပတ်သည်။ ကိုယ် ခန္ဓာကြီးထွားပြီး လည်ပင်းအနေအထား ပြောင်းလဲလာ ပါက အသက်အရွယ်အလိုက် ကြေးခွေကို တစ်ရစ်ပြီး တစ်ရစ် ဆင့်ကဲ၍ပတ်ဝတ်လာကြသည်။အသက်၁၅နှစ်၊ ၁၆နှစ်တွင်ကြေးခွေပတ်ခြင်းကို နိဂုံးချုပ်လိုက်ကြသည်။

အရွယ်ရောက်ပြီး ကယန်းပဒေါင်လှပျိုဖြူ၏ လည်ပင်းတွင် ကြေးခွေအစုံအလင်၊ ကြေးခွေသုံးဆင့်ပတ် ကြသည်။ မေးရိုးအောက်လည်တိုင်တွင် အပတ်ပေါင်း ၂၀ ခန့်ရှိ ကြေးခွေကို အထက်အနည်းငယ်ကား အလယ်သိမ် ပုံစံဖြင့် ပတ်ရသည်။ လည်တိုင်အောက် ရင်ညွန့်အထက် တွင်အလုံးပိုကြီးသော ကြေးခွေခုနစ်ပတ်ပတ်ရသည်။ ကြေးခွေငယ်တစ်ခွေကလည်ပင်းနောက်ကျော၌ကြေးခွေ

အရစ်ပေါ်တွင်အချင်းသုံးလက်မရှိ ကြေးခွေငါးချောင်း ပတ်ထားသည်။ ဒူးအောက်၊ ခြေသလုံးအထက်ပိုင်းတွင် ခြေသလုံး အနေအထားနှင့် ညီညွတ်စေရန် ကြေးခွေကို အောက်အဖျားရှူးပြီး ၁၅ ပတ်ခန့်ရစ်ပတ်သည်။ အရွယ်ရောက်ပြီး ကယန်းပဒေါင်လုပျိုဖြူသည် ကြေးခွေ အလေးချိန်ပေါင်းလေးပိဿာခန့် ဝတ်ဆင်ကြရသည်။ လည်ပင်းတွင်ကြေးခွေများပတ်သောဓလေ့၊လည်ဆွဲ တန်ဆာအဖြစ် ကွင်းဆက်ငွေကြိုးနှစ်ကုံး၊ငွေပြားကြီးခုနှစ်ပြား၊ ငွေပြားငယ် ဆယ်ပြားကို ငွေကြိုးတစ်ချောင်းဖြင့် သီကုံးဝတ်ဆင်သောဓလေ့လည်း မတွေ့ရပါ။လက်ကောက် ဝတ်တစ်ဖက်စီတွင်အခေါင်းပွ ငွေလက်ကောက် လေးကွင်းနှင့်တစ်မတ်လုံးခန့်ရှိ အခေါင်းပတ် ငွေသား လက်ကောက်သုံးကွင်းကိုလည်းမတွေ့ရပါ။ကယန်းအမျိုးသမီး၏လည်တိုင်တွင်ကြေးကွင်းများစွပ်ကာ ရိုးရာဓလေ့ ထိန်းသိမ်းမှုကိုဆယ်ကျော်သက် လုံမပျိုများ၌ မြင်တွေ့ခွင့်မရ။ မရှိသလောက် နည်းပါးပြီး အသက် ၆၀ ကျော် အဘွားအိုများ၌သာမြင်တွေ့ရသည်။ ကယန်းလူမျိုးများ နေထိုင်ရာ ဖယ်ခုံတွင် တစ်ရွာလျှင် တစ်ဦးနှစ်ဦးသာ မြင်တွေ့ခဲ့ရသည်။ကြေးကွင်း၏တန်ဖိုးစရိတ်ကြီးမြင့်မှု၊လုပ်





D/mai than myint

ရှားသွားလာရာတွင်ခက်ခဲမှု၊ခေတ်နှင့်လိုက်လျောညီထွေမရှိမှု၊ ညအိပ်လျှင်ခေါင်းအုံးတစ်လုံးအပိုဆင့်၍အိပ်ရမှုစသည့် အားနည်းချက်များကြောင့် ဒေသခံကယန်းလူမျိုးများတွင် ကြေးကွင်းစွပ် ဓလေ့မတွေ့နိုင်ပါ။

ပညာတတ်ကယန်းလူမျိုးများကဖယ်ခုံ၊မိုးဗြဲဒေသ၊လွိုင်ကော်၊တောင်ကြီးဒေသများသို့ပညာရေးအရကျောင်းပညာသင်ကြားရာတွင် ကြေးကွင်းစွပ်ရန် အခြေအနေမပေးပါ။ကြေးကွင်းတစ်စုံကို လည်ပင်း၌ကြေးကွင်း(၁၀)ကွင်း၊ခြေထောက်နှစ်ဖက်၊လက်နှစ်ဖက်တွင် ကြေးကွင်းနှစ်ဆယ် တပ်ဆင်ပါက ကာလပေါက်စျေး ငွေကျပ် (၁၀)သိန်းခန့်ရှိရာ ငွေကြေးမတတ်နိုင်သူများအတွက် အခက်ကြုံရသည်။ခေတ်ပညာတတ် ဘွဲ့ရသူများဖြစ်အောင် ကြိုးစားခြင်းဖြင့်သာငွေကြေးအကုန်အကျခံပြီးမိမိဂုဏ်သိက္ခာကိုဖော်ကျူးရာတွင် ကြေးကွင်းဝတ်ဆင်မှုဖြင့် ဂုဏ်ဖော်မှုကို ဖယ်ရှားလိုက်ကြသည်။

ရှမ်းပြည်နယ်သို့လာရောက်ကြသော ကမ္ဘာလှည့်ခရီးသွားများက ကယန်းလူမျိုးတို့၏ ကြေးကွင်းစွပ်ဓလေ့ကိုစိတ်ဝင်စားကြသဖြင့် မြင်တွေ့လိုသောအခါ ကယန်းလူမျိုးကြေးကွင်းစွပ်သူများက လာရောက်ပြသကြသည်။

ကယန်းလူမျိုးစုတွင် ကြေးကွင်းစွပ်ဓလေ့ တိမ်ကောပပျောက်မှုမရှိအောင်ကျေးလက်နေအမျိုးသမီးများကရိုးရာဓလေ့ကိုစောင့်ထိန်းပါမှနောင်တွင်ကြေးကွင်းစွပ်ကယန်းလူမျိုးများကို ရှားရှားပါးပါးမြင်တွေ့ရမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ဖယ်ခုံမြို့နယ်၊ရီနွဲ့ကျေးရွာအုပ်စု၊ကန်းငူကျေးရွာ၊ကယန်းစာပေပြန့်ပွားရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးမောင်ပန်းက ပြောကြားသည်။

ထို့ကြောင့်လည်းကြေးခွေ၏ ဝန်လေးမှု၊ ကြေးကွင်း၏အဖိုးတန်ငွေကြေးကိုမတတ်နိုင်သောကြောင့် ချစ်စရာသွေးချင်းတို့၏ ကြေးကွင်းစွပ်ဓလေ့၊ ကြေးခွေပတ်ဓလေ့ပျောက်လုနီးပါးဖြစ်လာရသည်။ ချစ်စရာကယန်းကြေးကွင်းစွပ်ဓလေ့မတိမ်ကောသင့်ပါ။

သင့်အမျိုးစင်စစ်၊ သင်မချစ်က
မည်သူလာ၍ ချစ်မည်နည်း။
သင့်အမျိုးစကား၊ သင်မပြောကြားက
မည်သူလာ၍ ပြောမည်နည်း။
သင့်ယဉ်ကျေးမှုအမွေ၊ သင်မထိန်းသိမ်းက
မည်သူလာ၍ထိန်းမည်နည်း။
သင့်ရွာအလုပ်၊ သင်မလုပ်က
မည်သူလာ၍ လုပ်မည်နည်း။
သင့်စာအရေးအဖတ်၊ သင်မတတ်လျှင်
အနာဂတ်မှာ သင့်လူမျိုးပျောက်လိမ့်မည်။

## ကရင်ရိုးရာဓလေ့အရ နတ်စားခြင်း
## (ကရင်ရိုးရာ ကြက်၊ ဝက် အသားနှင့် ဆက်သခြင်း)

နတ်စားခြင်းရိုးရာဓလေ့သည် ကရင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုကို သင်ကြားပေးသည့်လူမျိုးကိုစောင့်ရှောက်သည့် "ဖုထော်ကလို့" အစွဲပြုရာကလူမျိုး မပပျောက်ရေးအတွက် နတ်ဆက်သခြင်းကို ဘိုးဘွားစဉ်ဆက်လက်ဆင့်ကမ်း ပြုလုပ်လာခဲ့ခြင်းဖြစ်သည်ဟု မှတ်သားရကြောင်း နတ်ဆရာကရှင်းပြဖူးသည်။

ရိုးရာနတ်ကိုပင့်ဖိတ်ရန်ရှေးဦးစွာ စားပွဲခုံပေါ်ရှိ ကန်တော့ပွဲအုန်းသီးပေါ်တွင် ဖယောင်းတိုင်တစ်တိုင်ကို မီးထွန်းညှိလိုက်ပြီးမိသားစုဝင်များအား အစားအသောက်များနှင့်ပြင်ဆင်ထားသည့် ခုံကိုထိကိုင်ထားစေကာ နတ်ဆရာများကစတင်လေတော့သည်။"**ဒါက မိသားစုရိုးရာ၊ အလှူတစ်ခုလို့သဘောထားသလိုမိသားစုတွေ ပြန်စုံရတဲ့ပွဲ တစ်ခုလို့လည်းပြောလို့ရတယ်၊ဒီလိုလုပ်ရင် သီးနှံတွေအထွက်တိုးသလို ကျန်းမာရေးတွေကောင်းမွန်တယ် လို့လည်းယုံကြည်တယ်**" ဟု နတ်ဆရာကပြောပြသည်။

နတ်စားသည့်နေ့တွင် အိမ်ခန်းအတွင်း ပြင်ဆင်မှုပြီးသည်နှင့်နတ်ဆရာမှကရင်ရိုးရာကိုစောင့်ရှောက်သည့် နတ်(ဖုထော်ကလို့)ကို တိုင်တည်ပင့်ဖိတ်လိုက်ပြီး ဆက်လက်ကာအမိုးနှင့်ဖထီးကိုလည်းဖိတ်ခေါ်လေတော့သည်။

တိုင်တည်ပင့်ဖိတ်ရာတွင်လည်းကရင်ဘာသာဖြင့်ပင့်ဖိတ်သလို ဗမာဘာသာဖြင့် ပင့်ဖိတ်သူတွေလည်းရှိတတ်သည်။

မည်သို့ပင်ဖြစ်စေ ရိုးရာစောင့်ရှောက်သည့်နတ်ကို တိုင်တည်မှုသည် အားလုံးအတူတူပင်ဖြစ်သည်။ ရိုးရာနတ်စားကြသူများတွင် ဗမာကရင်၊ တလိုင်းကရင်ဟူ၍ ကွဲပြားမှုရှိပြီး လုပ်နည်းလုပ်ဟန်တွေကလည်းအနည်းငယ်ကွဲပြားမှုရှိပေသည်။ ကွဲပြားမှုဟုဆိုရာတွင် နတ်စားသူအချို့သည် နတ်စားမည့်ဝက်ကို ပေါ်ရာတွင်ခြေလက်၊ ဦးခေါင်းဖြတ်ကာ ခြေလက်အချောင်းအတိုင်း ပြုလုပ်ခြင်းဖြစ်ပြီးအချို့သည် ဖြတ်ထားသည့်ဦးခေါင်း၊ ခြေလက်များကို အပိုင်းသေးတွေထပ်မံခုတ်ပိုင်းကာ ပြုလုပ်ခြင်းဖြစ်လေသည်။ ထိုနည်းတူပင် နတ်စားမည့်ကြက်ကိုလည်းအကောင်လုံးအတိုင်း ပြုလုပ်သူနှင့်အပိုင်းပိုင်းခုတ်ပြီးမှပြုလုပ်သူဟူ၍ဖြစ်လေသည်။

ဝက်ကိုခြေ၊လက်တွေမခုတ်ပိုင်းတော့ဘဲအချောင်းတိုင်းပင်ဖြတ်ကာ ပြုလုပ်ပြီးကြက်ကိုအကောင် လိုက်ပင်ပြုလုပ်လေ့ရှိသူတွေပင်ဖြစ်လေသည်။ရိုးရာဓလေ့နတ်စားဖို့ပြင်ဆင်ရာတွင် နတ်စားမည့်နေ့မတိုင်မီညဦးပိုင်း၌ဦးစွာနတ်ဆွမ်းတင်ခြင်းပြုလုပ်ရလေသည်။နတ်ဆွမ်းတင်ခြင်း

သည်    ဦးရှင်ကြီးနတ်ဆွမ်းတင်ခြင်းနှင့်အတူတူဖြစ်ပြီး ပြောဆိုတိုင်တည်မှုတွင်ကွဲပြားကြောင်းနတ်ဆရာကရှင်းပြလေသည်။နတ်မစားမီညတွင် မိသားစုဝင်များအနေဖြင့် နေအိမ်တစ်ခုတည်းတွင် စုစည်းအိပ်ကြရပြီး မိသားစုဝင်များသူတွေအနေနှင့်အိမ်ခွဲ၍အိပ်ကြသော်လည်းတစ်အိမ်နှင့် တစ်အိမ်ကို အပ်ချည်ကြိုးလေးများဖြင့် သွယ်တန်းချိတ်ဆက်ထားရလေသည်။၎င်းသည် နတ်စားသူများ၏ဓလေ့အရလုပ်ဆောင်ရသည့်အချက်တစ်ခုဖြစ်ပြီးအကြောင်းအရာတခုခုကြောင့်နတ်စားရာသို့ မလာရောက်နိုင်သည့်သူရှိလျှင် နတ်စားသည့်အခါ၌၎င်းအတွက်သီး သန့်ဖယ်ကာစွန့်ပစ်မှုပြုရလေသည်။နတ်စားခြင်းသည်မနက်အစောပိုင်းတွင် ကြက်ဖို၊ကြက်မနှစ်ကောင်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး နေ့လည်ပိုင်းတွင် ဝက်ဖြင့်ပြုလုပ်ခြင်းဖြစ်ကာ ထမင်း၊ ကွမ်း၊ဆေးလိပ်စသည်တို့မှာ မနက်၊နေ့လည် အတူတူပင်ဖြစ်သည်။

ရိုးရာနတ်စားရာတွင်အချို့မှာ ဝက်မပါဘဲ ကြက်ဖြင့်သာပြုလုပ်သူများလည်းရှိကြောင်းကရင်တိုင်းရင်းသားနတ်ဆရာဖြစ်သူမန်းလှမိုးကရှင်းပြသည်။ထိုသို့ပြုလုပ်သူတွေကိုရှောင်ကရင်ဟုခေါ်ဆိုကြောင်းလည်းသူကဆိုသည်။ နတ်စားမည့်ကြက်နှင့်ဝက်သည်ဒဏ်ရာနှင့်ခြေ၊လက်များ

နာခြင်းမရှိရပေ။ထိုသို့ဖြစ်နေပါက နတ်စားခြင်း မအောင်မမြင်ဖြစ်တတ်ကြောင်း အယူရှိကြလေသည်။လူတချို့က ကိုယ်တိုင်ပင်မွေးမြူတတ်ကြသည်။နတ်စားသည့်နေ့တွင် ရိုးရာစောင့်ရှောက်သည့်နတ်နှင့် အမိုးနှင့်ဖထီးကိုတိုင် တည်ဆက်သပြီးချိန်၌မိသားစုဝင်များထဲကအသက်အကြီးဆုံးမှစတင်ကာ အသက်အလိုက်အငယ်ဆုံးထိ ကြီးစဉ်ငယ်လိုက် စားကြတော့သည်။ရိုးရာနတ်၏စွန့်ကြဲခြင်းကို စားပြရာတွင် တစ်လုတ်ဖြစ်စေ၊သုံးလုတ်ဖြစ်စေထမင်းအလုတ်ရေအားဖြင့်မိသားစုတစ်ခုနှင့်တစ်ခုမတူကြပေ။

နေ့လယ်ပိုင်းပြုလုပ်ရာတွင် အိမ်ရှင်ယောကျ်ားအတွက် ဝက်အထီးနှင့်ပြုလုပ်ရပြီးဇနီးအတွက်ကိုမူ ဝက်အမဖြင့် ပြုလုပ်ရလေသည်။ပြုလုပ်ရာတွင် ဝက်မပေါ်မီ အိမ်ရှင်ကရိုးရာဓလေ့အတိုင်း ဝက်၏ခြေ၊လက်တွေကို ရေလောင်းကာ ဦးခေါင်းကိုစတိအနေနှင့် ကျည်ပွေ့ဖြင့် ထုလိုက်လေသည်။ဝက်ပေါ်ပြီး၍ ချက်ပြုတ်နေစဉ်တွင် နတ်စားသည့် မိသားစုဝင်များသည် အိမ်ခန်းတွင်းဝင်၍ မပြီးသေးမီ ဝက်သားကို မြည်းစမ်းစားသောက်ခြင်း မပြုရသည့် ကန့်သတ်ချက်လည်းရှိလေသည်။

နေ့လည်ချက်ပြုတ်ပြီး၍ အိမ်ခန်းအတွင်းနတ်ဆက်ပုံသည်လည်း မနက်ပိုင်းနှင့်အတူတူပင်ဖြစ်သည်။

ထူးခြားသည်မှာ အမိုးနှင့်ဖထီးကို တိုင်တည်ဖိတ်ကြား ပြီးစီးသည်နှင့် ဖုသိမ်ကျအတွက် နတ်စာကို သီးသန့်ဖက် ရွက်ဖြင့်ထုတ်ကာဆက်သရလေသည်။ဖုသိမ်ကျဆိုသည် မှာ သေဆုံးသည့်အဖိုး၊အဖွားများကို ကောင်းမွန်သည့် တဖက်ကမ်းသို့ ပို့ဆောင်ပေးသူဟု နတ်ဆရာ တစ်ဦးက ရှင်းပြဖူးပြီး သစ်ငုတ်တိုများတွင်ရှိသည်ဟု ယုံကြည်မှု ရှိကြသည်။

ငင်းအတွက် နတ်စားသည့်မိသားစု အိပ်ခန်းမှ ထွက်သည်နှင့် အိမ်နှင့်နီးရာသစ်ငုတ်တိုတစ်ခုခုတွင် နတ်စာကို သွားရောက်ချထားပေးရခြင်းဖြစ်လေသည်။ အချို့နတ်စားသည့် ကာယကံရှင်မိသားစုများသည် မိဘ နှစ်ပါးစလုံးသက်ရှိထင်ရှားရှိနေဆဲဖြစ်ပါက ဖုသိမ်ကျကို ဆက်သဖို့မလိုကြောင်းယူဆကြသည်။ထို့ပြင် နတ်စား တိုင်း ဖုသိမ်ကျကို ဆက်သသူများလည်းရှိလေသည်။

နတ်စားဖို့အိပ်ခန်းအတွင်းဝင်ရာတွင် မတူညီသည့် ဓလေ့တစ်ခုလည်းရှိလေသည်။နတ်စားသည့်ကာယကံရှင် ၏ မိဘနှင့်သားသမီးမိသားစုများသာ အိမ်ခန်းအတွင်း ဝင်ရောက်ရလေသည်။ညီအစ်ကို၊မောင်နှမတော်စပ်သူများ ပင်မဝင်ရောက်ရပေ။အချို့ဓလေ့သည် သမီးမိန်းကလေး ဘက်မှ ကလေးများနှင့်သမက်တို့ ဝင်ခွင့်ရှိသော်လည်း

သားယောက်ျားလေး၏ ကလေးများနှင့်ချွေးမတို့သည် ဝင်ရောက်ခွင့် မရှိသည်ကိုလည်း တွေ့ရသည်။အိမ်ခန်း အတွင်း မိသားစုဝင်အားလုံးစုံ၍ဝိုင်းအတွင်းနတ်စားခြင်း ပြီးဆုံးသွားချိန်တွင် ဆွေမျိုးမိတ်ဆွေများအား ကျွေးမွေးရ သည်။ဖိတ်ကြားကျွေးမွေးရန်နတ်စားသည့် မိသားစုက တတ်နိုင်သရွေ့ဝက်သားကို ချက်ထားလေ့ရှိပြီး ပိုမိုလိုက် ဖက်ပြီး အအီပြေစေရန် ဟင်းရည်ချိုတစ်မျိုးကိုလည်း ချက်ပြုတ်ထားတတ်သည်။ထိုသို့နတ်စားခြင်းရိုးရာဓလေ့ ကိုဗုဒ္ဓဘာသာဝင်ကရင်လူမျိုးအများစုကသာပြုလုပ်ကြခြင်း ဖြစ်ပြီးခရစ်ယာန်ဘာသာဝင်ကရင်လူမျိုးများကတော့ ပြု လုပ်လေ့မရှိကြပေ။နတ်စားသည့်သူများပင် ဗမာကရင်နှင့် တလိုင်းကရင်ဟူ၍ ကွဲပြားမှုကရှိနေသည်။တချို့သည် ရိုးရာအရနတ်စားခြင်းကို ပြုလုပ်ခဲ့ကြသော်လည်းနောက် ပိုင်းတွင်အကြောင်းအမျိုးမျိုးကြောင့်မပြုလုပ်ကြတော့သူ တွေလည်းရှိသည်။နတ်စားရာတွင် ကြက်၊ဝက်အရှင်ဖြင့် ကိုယ်တိုင်မပြုလုပ်ဘဲပွဲ့သကူသား(အသေသား)နှင့်ပြုလုပ် သူများ လည်းရှိသည်။၎င်းပုံစံကို မြို့ပေါ်နေထိုင်သူများနှင့် ကိုယ်တိုင်ပြုလုပ်ရန်အခက်အခဲရှိသူများသာပြုလုပ်တတ် လေသည်။ပွဲ့သကူသားနှင့်ပြုလုပ်ရန်အသားရောင်းဒိုင်များ





တွင်ရိုးရာပြုလုပ်မည်ဟုလိုအပ်သည့်အစိတ်အပိုင်းများကို မှာယူရလေသည်။နတ်ဆက်ခြင်းအတွက် ပြုလုပ်ပုံမှာ ကွဲပြားမှုမရှိလှပေ။နတ်စားသူများတွင် အယူအဆအမျိုးမျိုးနှင့်အယူသည်းသူများလည်းရှိသည်။အများစုမှာဝါတွင်း သုံးလနှင့်ရပ်ရွာအတွင်းနာရေးရှိလျှင် နတ်စားခြင်းကို ရှောင်ကြဉ်ကြလေသည်။ခလေ့အခေါ်နတ်ကိုင်ခြင်း (နတ်ပြုစားသည်)ဖြစ်သည်ဟုယူဆမှုကြောင့် ရိုးရာအရ မဖြစ်မနေနတ်စားခြင်းပြုလုပ်ရသည့် အခါများလည်းရှိတတ်ပြီး နတ်မစားပါက ကျန်းမာရေးချို့ယွင်းကာ စီးပွားရေးဆုံးရှုံးပျက်စီးခြင်းများ ဖြစ်တတ်ကြောင်းလည်း ဒေသခံများက ယုံကြည်ကြသည်။"နတ်မစားလို့နေမကောင်းဖြစ်တာတွေ၊ လုပ်ငန်းအဆင်မပြေတာတွေဖြစ်ရင် နတ်စားလိုက်တဲ့ အခါအဆင်ပြေသွားတာမျိုးလေးတွေ လက်တွေ့ကြုံခဲ့တာ သာဓကတွေရှိတယ်၊ကိုယ်ကကရင်ဖြစ်လို့ ရိုးရာ ရှိနေရင် နတ်စားပေးတာကောင်းပါတယ်"ဟု ၁၀နှစ်ခန့်နတ်ဆရာ လုပ်ခဲ့ဖူးသည့် မန်းလှမိုးကဆိုသည်။

ဗေဒင်၊ယတြာ ယုံကြည်မေးမြန်းတတ်သူများသည်လည်း ဇာတာတွက်ချက်မှုအရ နတ်စားလေ့ရှိပြီး အချို့ကတော့ နှစ်စဉ်ပြုလုပ်လေ့ရှိသလို နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ်အဆင်ပြေသည့်အချိန်တွင်ပြုလုပ်သူများ

လည်းရှိကြသည်။“အဆင်မပြေတာလေးတွေကြုံလာရင် ဒါကိုသွားသတိရတယ်၊အဲဒီအချိန်မှာ ရိုးရာယုံကြည်မှု အရ နတ်စားလိုက်ရင်စိတ်ချမ်းသာမှုရတယ်၊စိတ်ထဲလည်း သန့်သွားသလိုပေါ့”ဟုနတ်စားလေ့ရှိသည့်ဦးမောင်မောင် ကဆိုသည်။နတ်စားခြင်းဓလေ့ကို တိုးတက်ပြောင်းလဲလာ သည့်လူမှုပတ်ဝန်းကျင်အခြေအနေများအရလူတချို့အတွက် နားလည်လက်ခံရန် ခက်ခဲကောင်းခက်ခဲပေလိမ့်မည်။ နတ်စားခြင်းသည်လူမျိုးစုံတိုင်းရင်းသားမျိုးနွယ်စုများတွင် ရိုးရာဓလေ့များစွာထဲကမှတစ်ခုသာလျှင်ဖြစ်လေသည်။

ဗုဒ္ဓဘာသာကိုးကွယ်သည့်ကရင်လူမျိုးများ၏ရိုးရာ ဓလေ့အရ ဒေသအလိုက် နတ်ဟူ၍ ယုံကြည်မှုသည်ပင် လည်း ငါးမျိုးထက်မနည်းရှိကြောင်း နတ်ကတော်တစ်ဦး ရှင်းပြပါသည်။“ယုံကြည်မှုကအမျိုးမျိုးရှိကြတာပေါ့၊နတ် တွေအတွက် ကာယကံရှင်တွေမသိတာကိုလုပ်ပေးရတာ ကိုယ်လည်း ကုသိုလ်ရတယ်၊ဒီလိုဘဲခံယူထားတယ်”ဟု အဆိုပါနတ်ကတော်ကဆက်ပြောသည်။သူသည် နတ်ကိုး ကွယ်ယုံကြည်သူတွေအတွက်ရိုးရာအရ နတ်ကန်တော့ ခြင်း၊ဆက်သခြင်းများကို မကြာခဏဆိုသလို လုပ်ကိုင် ဆောင်ရွက်ပေးရလေ့ရှိပြီးနတ်ကတော်ဆိုသည်ကိုအသက်

မွေးဝမ်းကြောင်းတစ်ခုလိုပင် သဘောထားကြောင်း ပြော
ပြလေသည်။

(နတ်စားသည့် မိသားစုတစ်စု၏ဓလေ့ကို အခြေ
ခံရေးသားခြင်းဖြစ်၍အခေါ်အဝေါ်၊ ပြုလုပ်ပုံဒေသနှင့်
ရိုးရာ ကိုလိုက်၍ကွဲပြားမှုများလည်း ရှိနိုင်ပါသေးသည်။)

## ပိုးကရင်တို့၏ အသုဘာဆိုင်ရာဓလေ့ထုံးစံ

ပိုးကရင်တို့သည် ကိုးဆယ့်ခြောက်ပါးသော ရောဂါဖြင့် သေဆုံးသူကိုနေအိမ်တွင်သုံးရက်မှ ခုနစ်ရက် အတွင်းထားရှိပြီးမှ သွားရောက်မီးသင်္ဂြိုလ်ကြ၏။ မိုးများ သောလတွင်သေဆုံးပါက မီးသင်္ဂြိုလ်ရန် မလွယ်ကူ သဖြင့်မြေမြှုပ်လိုက်ရပြီး မိုးရာသီကုန်ဆုံးသောအခါတွင် ပြန်ဖော်၍မီးသင်္ဂြိုလ်ကြ၏။အစိမ်းသေသေဆုံးသူများကို ရွာတွင် ကြာကြာမထားဘဲ ဖျာနှင့်လိပ်၍သင်္ချိုင်းသို့သွား ရောက်မြေမြှုပ်ကြ၏။ရှေးရိုးရာထုံးတမ်းဓလေ့အရ အနည်းဆုံးခုနစ်ရက်မြှုပ်ပြီးမှ ပြန်ဖော်၍မီးသင်္ဂြိုလ်ခြင်း ကိုပြုလုပ်ရ၏။

ကျောက်ရောဂါဖြင့်သေခြင်း၊ကာလဝမ်းရောဂါဖြင့် သေခြင်းအစရှိသည့်ရောဂါဖြင့်သေဆုံးခြင်းများကိုအနည်း ဆုံးတစ်နှစ် မြေမြှုပ်ပြီးမှ အရိုးကိုပြန်ဖော်၍မီးသင်္ဂြိုလ် လေ့ရှိ၏။ ကလေးမွေးရင်းသွေးတက်သော အစိမ်းသေကို အနည်းဆုံးခုနစ်ရက်မြေမြှုပ်ပြီးမှ ပြန်ဖော်၍ မီးသင်္ဂြိုလ် ကြ၏။အချို့ပိုးကရင်ရွာများက ခုနစ်ရက် မစောင့်တော့ဘဲ ညမြှုပ်ပြီးနောက်နေ့ပြန်ဖော်မီးသင်္ဂြိုလ်သည်လည်းရှိသည်။

ဥပမာ ညအချိန်တွင်မီးဖွားရင်းသွေးတက်သော ဆုံးသောမိန်းမကိုရွာတွင်ကြာကြာမထားဘဲ ဖျာနှင့်လိပ်၍

ညခြင်းပင်သင်္ချိုင်း သို့မီးခွက်ထွန်းကာသွားရောက်မြှုပ်နှံကြ၏။ ထိုအလောင်းကို တစ်ညလုံးအိပ်စောင့်ကြ၏။ နံနက်ပထမကြက်တွန်ချိန်တွင် တစ်ယောက်က ကြက်ဖကဲ့သို့လက်နှစ်ဘက်ကိုခတ်လျှက် "အောက်အီးအီးအွတ်" ဟူ၍ပါးစပ်မှတွန်ရသည်။နံနက်မိုးမလင်းခင် ခုနစ်ကြိမ်တိုင်တိုင် ထိုကဲ့သို့တွန်ပြပြီးနောက် "ထကြဟေ့၊ထကြ--- တို့လူမြှုပ်ထားတာ ခုနစ်ရက်ပြည့်သွားပြီ၊ကြက်ဖခုနစ်မနက်၊ ခုနစ်ကြိမ်တွန်ပြီးပြီ ၊ ဒီနေ့ မီးသင်္ဂြိုလ်ရအောင်" ဟူ၍ခပ်ကျယ်ကျယ်ပြောရ၏။ကျန်သူများကလည်း"ဟုတ်ကဲ့၊ကောင်းပါပြီ"ဟူ၍ပြန်ပြောရ၏။ဤသို့စတိသဘောဖြင့် တစ်ညမြှုပ်၍ နောက်နေ့အလောင်းကို ပြန်ဖော်ကာ မီးသင်္ဂြိုလ်ကြသည်လည်းရှိ၏။ရိုးရာဓလေ့ချင်း တူသော်လည်းတစ်ရွာနှင့်တစ်ရွာလုပ်နည်းလုပ်ဟန်များ အနည်းငယ်သာကွာခြားမှုရှိသည်ကို တွေ့ရှိရပါသည်။

လူသေကိုမီးသင်္ဂြိုလ်ခြင်းသည် အဓိကလုပ်ဆောင်ချက်တစ်ရပ်ဖြစ်၏။သေဆုံးသူအားမီးသင်္ဂြိုလ်၍မပြီးမချင်း သေသူ၏ ဆွေမျိုးထဲမှလက်ထပ်ထိမ်းမြားခြင်းမပြုရပေ။ ဆွေမျိုးသားချင်းထဲမှနောက်တစ်ဦးသေဆုံး၍ မီးသင်္ဂြိုလ်ပြီးသော်လည်းအရိုးကောက်ပွဲကိုပထမလူမီးသင်္ဂြိုလ်မပြီးလျှင်ကျော်မလုပ်ရပေ။ထို့ကြောင့်ပထမသေသူ၏ အရိုးကို

ပြန်ဖော် မီးသင်္ဂြိုလ်ပြီးမှသာ နောက်လူအရိုးကောက်ပွဲ ကျင်းပရရိုးထုံးစံရှိ၏။ပထမနှင့်ဒုတိယသေသူတို့၏အရိုး ကောက်ပွဲကိုတစ်ကြိမ်တည်းပေါင်းလုပ်ကြရသည်လည်း ရှိ၏။ရပ်ရွာတွင်လူသေသောအခါအချက်ပေးတီးခတ်ရန် လူသေမောင်းကြီးတစ်လုံးသီးသန့်ရှိ၏။အချို့က အမင်္ဂလာ မောင်း ဟုခေါ်ဝေါ်သမုတ်ထားကြသည်။ထိုမောင်းသံကို



D/mai than myint

ကြားရသောအခါ ရွာမိရွာဖများနှင့်အတူ အပျိုလူပျိုများ လူသေအိမ်သို့သွားရောက်စုရုံးကြပြီးလို အပ်သည်များကို မိသားစုစိတ်ဓာတ်အပြည့်အဝဖြင့်လုပ်ဆောင်ကြလေသည်။

လူသေကို နေအိမ်တွင် အကြာဆုံးခုနစ်ရက်အထိ သာထားပြီး သင်္ချိုင်းသို့သွားရောက် မီးသင်္ဂြိုလ်လေ့ရှိ၏။ လူသေ၏ရပ်ဝေးဆွေမျိုးများစုံလင်ပြီဆိုလျှင် အိမ်တွင် အချိန်ဆွဲ၍ထားလေ့မရှိပေ။ သင်္ချိုင်းသို့ ထမ်းသွားရာတွင် ခြေကိုသင်္ချိုင်းဘက်သို့လှည့်ထားရသည်။ခြေကို ရွာဘက် သို့လှည့်ထားလျှင်လူသေ၏ဝိညာဉ်သည်ရွာသို့ပြန်လာမည် ဟူ၍ယုံကြည်ကြသည်။လူသေအခေါင်းထမ်းသွားရာတွင် အချို့ကအခေါင်း၏ ခြေဘက်မှ ကြိုးရှည်တစ်ချောင်းချည် ထားကာ အသုဘပို့သူအချို့က ကြိုးကိုကိုင်၍ သင်္ချိုင်းသို့ လမ်းပြဆွဲသွားရသည်လည်းရှိ၏။

သင်္ချိုင်းသို့ရောက်သော် ကြိုတင်ပင့်ဖိတ်ထားသော သံဃာတော်များ၏ ပရိတ်ရွတ်တရားတော်နာပြီးနောက် အလောင်းကိုမီးသင်္ဂြိုလ်ရန် အသင့်ပြင်ထားသောထင်းပုံ ပေါ်သို့ တင်လိုက်ရ၏။သင်္ချိုင်းတွင်ရှိသော သစ်ပင်၊ဝါးပင် များကို အသုဘအတွက် အနည်းငယ်အသုံးလို၍ ခုတ်ယူ မည်ဆိုလျှင် သင်္ချိုင်းစောင့်နတ်ကို တိုင်တည်ပြီးမှခုတ်ယူ ကြရသည်။အသုဘပို့သူများ၊မီးသင်္ဂြိုလ်သူများ ရွာသို့ပြန်

သောအခါတောကျီးကန်းအာသံကိုကြားရ၍လည်းကောင်း၊ ရွာထဲသို့ဝင်သော် ချေးဟောင်၍လည်းကောင်း နိမိတ်မကောင်းဟုယူဆကြ၏။ထို့သို့ နိမိတ်မကောင်းခြင်းများ တွေ့ရှိရသောအခါ"ခတ်ကယ်"ဟုခေါ်သော ခေါစာကျွေး တောထုတ်ခြင်းကို ပြုလုပ်ရ၏။ရွာနှင့်သင်္ချိုင်းကြားသို့ ယောကျ်ားတစ်စုသွား၍ "ခတ်ကယ်" ရ၏။

ပြုလုပ်ပုံမှာနှီးပြားကြီးတစ်ခုကို ခွေလိုက်ပြီးဝါးခြမ်း ငယ်နှစ်ချောင်းစီအစုလိုက် ခုနစ်ဆင့်စိုက်ထားရသည်။ ၎င်းအရှေ့တွင်တွင်းငယ်တစ်တွင်းတူးကာ ယူဆောင်လာသော ထမင်းထုပ်ငယ်ကို တွင်းထဲအနည်းငယ်သပ်ချပြီး ထမင်းထုပ်ငယ်ကိုတွင်းထဲသို့ ထည့်ထားလိုက်ရ၏။ထမင်း ထုပ်ပေါ်တွင် မီးထွန်းထားသော ဖယောင်းတိုင်ကို တင် ထားရသည်။၎င်းအပေါ်သို့အရက် အနည်းငယ်လောင်း ထည့်၍ "အသင်သည် ငါတို့နှင့်မဆိုင်တော့ပါ၊ငါတို့ဆီ ပြန်မလာနဲ့တော့" စသည်ဖြင့် ရွတ်ဖတ်ပြောဆိုရ၏။ ဖယောင်းတိုင်မီးသေသွားသောအခါ ကျန်သူများအားလုံး ထမင်းထုပ်ကိုအသင့်လုပ်ထားသောဝါးချွန်များဖြင့် တစ်၊ နှစ်၊သုံးပြိုင်တူထိုးရ၏။ခေါင်းဆောင်သူက "သေပြီလား" ဟုမေးရပြီး၊ကျန်သူအားလုံးက"သေပြီ"ဟုပြန်ပြောရ၏။ ထို့နောက်အသင့်ယူလာသောကြက်အဖိုအမနှစ်ကောင်ကို

သင်္ချိုင်းသို့လွှတ်ကာ "မကောင်းတာအားလုံးကြွက်နောက်ကို လိုက်သွားတော့"ဟူ၍ပြောရ၏။ဤတွင် "ခတ်ကယ်" ခြင်းပြီးဆုံးသွားသည်။

လူသေကိုမီးသင်္ဂြိုလ်တော့မည်ဆိုလျှင် ထင်းပုံပေါ်တွင်တင်ထားပြီး ခေါင်းကိုအနောက်အရပ်သို့လှည့်ထား၍ခြေကိုအရှေ့ဘက်သို့ လှည့်ထားရသည်။လူနှစ်ယောက်က မီးညှိထားသော ဖယောင်းတိုင်တစ်တိုင်စီကိုင်၍လူသေ၏ဦးခေါင်းဘက်နှင့်ခြေရင်းဘက်တစ်ယောက်စီနေပြီး တစ်ဦးကမေးလာသမျှတစ်ဦးကပြောင်းပြန်ဖြေကြရ၏။ဥပမာ တစ်ဦးကမိုးကောင်းကင်ကိုမေးလျှင်တစ်ဦးကမြေကြီးကိုပြရသည်။မြေကြီးကိုမေးလျှင်မိုးကောင်းကင်ကိုပြရသည်။ အရှေ့အရပ်ကိုမေးလျှင် အနောက်အရပ်ကိုပြ၍ တောင်အရပ်ကိုမေးလျှင်မြောက်အရပ်ကိုပြကာပြောင်းပြန်ဖြေရ၏။ ထို့နောက် အလောင်း ကိုစတင်မီးသင်္ဂြိုလ်တော့၏။

မီးသင်္ဂြိုလ်ချိန်တွင်စောင့်ဆိုင်းရင်း အရက်များကိုသောက်ကြ၏။သင်္ချိုင်းတွင်သောက်သုံးသော အရက်များမကုန်ပါကရွာသို့ပြန်ယူလာရရိုးထုံးစံမရှိဘဲ သင်္ချိုင်းမြေ၌ပင်လောင်းပစ်ခဲ့ရသည်။လူသေအလောင်းကို ထမ်းလာသော ထမ်းစင်မှဝါးများကို သင်္ချိုင်းမှာပင်ဖျက်ဆီးပစ်ရသည်။လူသေအလောင်း မီးလောင်ကျွမ်းကုန်ဆုံးသော်

အဆစ်နှစ်ခုပါသော ဝါးပိုးပိုင်းဖြင့် ကြိုတင်ပြုလုပ်ထား
သောဝါးကျည်ထောက်ရှည်နှစ်လုံးမှရေများဖြင့် မီးအားလုံး
ငြိမ်းသွားအောင်လောင်းရသည်။ထို့သို့လုပ်ဆောင်ရာတွင်
သင်္ချိုင်းအေးအောင် ပြုလုပ်ခြင်းဖြစ်သည်ဟုဆိုကြသည်။
မီးအားလုံးသေသွားသော်မီးသွေးစများ၊အရိုးအပိုင်းအစများ
နှင့်ပြာများကို စုပုံလိုက်ပြီးမီးခိုး လုံးဝမထွက်တော့သည့်
တိုင်အောင်ရေဖြင့် လောင်းရ၏။အရိုးမီးသွေးပုံကြီးကို
တစ်ထွာခန့်အရှည်ရှိသည့်ဝါးခြမ်းငယ်ကလေးများဖြင့်ပတ်
လည် ကြက်ခြေခတ်အနေအထားဖြင့် စိုက်၍ခတ်ထားရ၏။
အရှေ့အနောက်တောင်မြောက် လေးဘက်လေးတန်မှ အ
ပေါက်ငယ်တစ်ပေါက်စီထားရ၏။သေသူ၏ ဝိညာဉ်ထွက်
ပေါက်ဝင်ပေါက်ဟူ၍ ထားရှိခြင်းဖြစ်သည်။

သင်္ချိုင်းမြေမှ မထွက်ခွာမီ မီးသင်္ဂြိုလ်သူများသည်
လက်မအရွယ်မျှရှိသော သစ်ကိုင်းတစ်ချောင်းစီဖြင့် အရိုး
မီးသွေးပုံကြီးကို သုံးပတ်ပတ်ပြီးသည်နှင့် တစ်၊ နှစ်၊ သုံး
ပြိုင်တူသစ်ကိုင်းကိုထိုးစိုက်လိုက်ကြ၏။သေသူ၏ဝိညာဉ်
ကိုသတ်ထားခြင်းဖြစ်သည်။သင်္ချိုင်းအပြင်သို့ထွက်သွားချိန်
တွင် သင်္ချိုင်းအဝင်အဝ၌ အဆစ်နှစ်ဖက်ပိတ်ဝါးလုံး
တစ်ပိုင်းကိုပါးလွှာအောင် ဓားဖြင့်သပ်ထားပြီး ချထားရာ
သင်္ချိုင်းမှထွက်ခွာလာသူတိုင်းအနည်းငယ်စီခြေဖြင့်ခလုတ်

တိုက်သွားရသည်။နောက်ဆုံးသူက ကွဲအောင်နင်းခြေ လိုက်ရသည်။မိမိတို့နောက်သို့လူသေ၏ ဝိညာဉ်လိုက်မ လာနိုင်အောင် နင်းသတ်ထားခြင်းပင်ဖြစ်သည်။

မီးသင်္ဂြိုလ်ကြသူများသင်္ချိုင်းအပြင်သို့ ရောက်ကြသော် ခေါင်းဆောင်ဖြစ်သူက တွင်းကလေးတစ်တွင်းကို တူးကာအသစ်ယူလာသော ထမင်းထုပ်ပေါ်တွင်တင်ထား ရ၏။ခေါင်းဆောင်ဖြစ်သူက တွင်းထဲရှိ ထမင်းထုပ်အပေါ် သို့ အရက်အနည်းငယ်လောင်းချ၍ လူသေ၏ဝိညာဉ်အား ပြန်မလာရန် မောင်းထုတ်ရွတ်ဖတ်ပြောဆိုပြီး ဖယောင်း တိုင် မီးငြိမ်းသော်ဝါးချွန်တစ်ချောင်းစီဖြင့် တွင်းထဲရှိ ထမင်းထုပ်ကို တစ်၊နှစ်၊သုံးပြိုင်တူထိုးကြရသည်။ခေါင်း ဆောင်ဖြစ်သူက "သေပြီလား" သုံးကြိမ်မေး၍ ကျန်သူ များက "သေပြီ"ဟု သုံးကြိမ်ပြန်လည်ဖြေကြားရသည်။ ဤသို့လုပ်ဆောင်ခြင်းကို"ဆေသီဆေမန့်"ဟုခေါ်၏။ဝိညာဉ် ကိုသေအောင်ထိုးသတ်ထားခြင်းဟုအဓိပ္ပါယ်ရပါသည်။

သတိပြုရန်မှာ"ဆေသီဆေမန့်" သည် "ခတ်ကယ်" နှင့်မတူချေ။ လူသေကို မီးသင်္ဂြိုလ်ပြီးနောက် ထိုသူ၏ ဝိညာဉ် ရွာသို့ ပြန်မသွားအောင်သတ်ထားခြင်းပင်ဖြစ် သည်။"ခတ်ကယ်"မှာ ရွာသို့ပြန်ကြစဉ် နိမိတ်မကောင်း သောအရာများမြင်ရ၊တွေ့ရ၊ကြားရမှသာလျှင်ခေါ်စာကျွေး

တောထုတ်ခြင်းကိုလုပ်ဆောင်ရသည်။နိမိတ် ကောင်းပြီဆိုပါက "ခတ်ကယ်" လုပ်ရန် မလိုပေ။

သေသူအားမီးသင်္ဂြိုလ်ပြီး ခုနစ်ရက်လွန်မှသာလျှင် အရိုးအပိုင်းအစ သုံးစနှင့်မီးသွေးတုံးကလေးသုံးတုံးကို သွားရောက်ကောက်ယူ၍ပိတ်စအဖြူဖြင့်ထုပ်ကာ ပလိုင်းထဲထည့်ယူလာပြီး အရိုးကောက်ပွဲပြုလုပ်လေ့ရှိသည်။ အရိုးကောက်ပွဲ၏ သင့်တော်သည့်အချိန်ကာလကို ရွေး၍ လုပ်ဆောင်ကြ၏။အများအားဖြင့်ခြောက်သွေ့သော လများဖြစ်သည့် ကဆုန်လနှင့်တပေါင်းလများတွင် ပြုလုပ်ကျင်းပလေ့ရှိကြသည်။

## ဒိုင်ရ်ချင်းတို့၏စိတ်ဝင်စားဖွယ် ပါးရဲထိုးခြင်းဓလေ့တစ်ခု

ကမ္ဘာပေါ်ရှိလူမျိုး (သို့မဟုတ်) လူမျိုးနွယ်စုများ၌ စိတ်ဝင်စားဖွယ်ကောင်းသော ရိုးရာဓလေ့များရှိကြပါသည်။ ၎င်းတို့အနက် ဒိုင်ရ်ချင်းတို့၏မျက်နှာပါးရဲထိုးခြင်း ဓလေ့သည်လည်း စိတ်ဝင်စားဖွယ်ဓလေ့တစ်ခု ဖြစ်ပါသည်။ ပါးရဲထိုးသည့်ပုံစံများမှာမတူညီကြသော်လည်းအာဖရိက၊ တရုတ်နှင့်အိန္ဒိယစသည့်နိုင်ငံများရှိတချို့လူမျိုးနွယ်စုများ တွင် ပါးရဲထိုးဓလေ့များရှိခဲ့ကြောင်းသိရသည်။မြန်မာ နိုင်ငံရှိနာဂ၊ချင်း၊ဗမာနှင့်ရှမ်းတို့ တွင်လည်းပါးရဲထိုးခြင်း ဓလေ့ရှိခဲ့သည်။ရှမ်းနှင့်ဗမာတို့တွင်ကိုယ်ခန္ဓာအစိတ်အပိုင်း များတွင်ထိုးထားကြသည်ကိုတွေ့ရှိရပြီးနာဂလူမျိုးတစ်ချို့ တွင်မူအမျိုးသားအမျိုးသမီးမခွဲခြားသည့်အပြင် မျက်နှာ တွင်သာမက ခန္ဓာကိုယ်တွင်လည်း ထိုးလေ့ရှိကြောင်း လေ့လာသိရနိုင်သည်။ချင်းလူမျိုးများတွင် အမျိုးသမီးများ ကသာမျက်နှာမှာ ပါးရဲထိုးလေ့ရှိကြသည်။ချင်းပြည်နယ် တောင်ပိုင်းနှင့်အရှိုချင်းမျိုးနွယ်စုတစ်ချို့တွင် တွေ့ရှိနိုင် သည်။ချင်းမျိုးနွယ်စုများမှာစုမ်းတူ(Sumtu)၊လိုင်းတူ(Laitu)၊ ဒိုင်ရ်(Daai)၊မွင်း(Muun)၊ကာန်း(Kaang)၊အုပု(Utpu)၊ ငရော့ (Ng’yah)၊ယင်ဒူး(Yindu) သို့မဟုတ် ယင်ဒူးဒါလ် (Yindu Daar)၊ချင်းပုံ(Chinpung)တို့တွင် မျက်နှာပါးရဲ ထိုးကြပါ

သည်။ဒိုင်ရ်မျိုးနွယ်စုဘာသာစကားတွင် ပါးရဲကို မာန် (Ng’mang)ဟုခေါ်ပြီး ထင်ရှားသည့်ရိုးရာဓလေ့ဖြစ်သည်။ ခြေသလုံးနှစ်ဖက်၊နဖူးနှင့်လက်ခလယ်(သို့)လက်သူကြွယ် တို့တွင်လည်းထိုးလေ့ရှိကြသည်။



D/mai than myint



မျက်နှာမှာပါးရဲထိုးသည့်ခလေ့ခေတ်စားသည့်အချိန်ကာလ တွင် မျက်နှာပါးရဲမထိုးသူများမှာ မပြည့်စုံသူများသဖွယ် ခံစားကြရသည်။မိန်းကလေး၊အမျိုးသမီးမပီသသူများ ဟု သတ်မှတ်ကြသည်။မျက်နှာပါးရဲထိုးသူများတွင်မူ အိုမင်း ရင့်ရော်လာကြသော်လည်း လှပနေဆဲဖြစ်သည်ဟု ရှုမြင် ကြရသည်။အနက်ရောင်တစ်ခုတည်းမဟုတ်ပဲ လှပသည့် နက်ပြာရောင်(ng'kung)သာဖြစ်သည်။နောက်ဆုံးအယူအ ဆမှာမူ ကိုးကွယ်ယုံကြည်မှုနှင့်သက်ဆိုင်သည့် အယူ အဆဖြစ်သည်။ဒိုင်ရ်ချင်းတို့၏အယူအဆတွင်သေလွန်ပြီး နောက် ကောင်းကင်(Mopi)နှင့်ငရဲ(Japi)သွားရာလမ်း ဂိတ်တစ်ခုမှာ ဒိုင်ရ်လို(Monuooi)ဟုခေါ်သည့်တရားစီရင် သည့် ပုဂ္ဂိုလ်ရှိပြီး အမျိုးသားအမျိုးသမီးများကို စစ်ဆေး စီရင်သည်ဟုဆိုသည်။

ယောကျ်ားများအတွက် အသက်ရှင်စဉ်က သူတို့၏ ပွဲလမ်းသဘင်(နွားနောက်သတ်ပွဲ)နှင့် မိမိတို့ရရှိသည့် နာမည်ကြီးတောတိရစ္ဆာန်အကောင် အမျိုးအစား၊အကောင် အရေအတွက်တို့ဖြင့်သာတိုင်းတာပြီး အမျိုးသမီးများကို မူ သူတို့မျက်နှာမှာပါးရဲထိုး၊မထိုးဖြင့်သာ စိစစ်ရသည်ဟု ယူဆကြသည်။ထိုအချက်များမှ တစ်ခုမှာ ဖြစ်နိုင်ခြေ ငြင်းဆို ရန်ခက်ခဲသလို တိကျမှန်ကန်သည့် အကြောင်းပြ

ချက်များ ဖြစ်သည်ဟု ပြောဆိုရန်လည်း ခက်ခဲသည်။ သေချာသည့် အချက်တစ်ချက်မှာ လူမျိုးနွယ်စုတစ်ခု၏ အရေးကြီးလှသည့် ဓလေ့တစ်ခုကို ကျင့်သုံးလာခဲ့ကြခြင်း မှာ ငြင်းဆို၍မရနိုင်ပါ။ဒိုင်ရ်ချင်းမျိုးနွယ်စု၏ ထင်ရှား သည့် သင်္ကေတလက္ခဏာနှင့်ရိုးရာဓလေ့ပင် ဖြစ်သည်။ မျက်နှာပါးရဲထိုးရာတွင်ဆူးပင်တစ်မျိုးမှရသည့် ဆူး(သို့) ကြိမ်ပင်မှရသည့်ကြိမ်ဆူး၊ဒိုင်ရ်လိုလှော်(Ng’hlo)ဟု ခေါ် သည့် နက်ပြာရောင်ကို ထွက်စေသောတောနွယ်ပင်ရွက် (သို့) လှော် (Ng’hlo) လို့ ခေါ်သည့် အဝတ်အစားများကို အပြာနက်ရောင်တင်ရာတွင်အသုံးပြုသည့် တောင်ယာ စိုက်လေ့ရှိသည့် အပင်တစ်မျိုးမှအရွက်ကို အရည်ညှစ်ပြီး ရောထည့်ရန် စုန်းကုန်း (Sungkung)ဟုခေါ်သည့် မီးဖိုမှ ရသည့်ကျပ်ခိုးမှုန့်စသည်တို့ကိုဆုံကြသည်။ထို့ပြင်မျက်နှာ ကိုဆူးဖြင့်ဖေါက်ရာတွင်ထွက်လာသည့်သွေးများကိုသုတ် ရန်အတွက် ဒိုင်ရ်လိုပေါလ်(K’poong)ဟုခေါ်သည့် အပင် တစ်မျိုး၏အရွက်နုများကိုလည်းအသုံးပြုကြသည်။မိသား စုမှ မိန်းကလေးတစ်ဦးသည် အသက် (၁၂)နှစ်မှ(၁၅) ကြားရှိနေပြီး မျက်နှာပါးရဲထိုးရန် အချိန်ရောက်လာပါက မိဘများကပါးရဲထိုးကျွမ်းကျင်သူထံသို့သွားပြီး ဆွေးနွေး

ညှိနှိုင်းရသည်။ပါးရဲထိုးကျွမ်းကျင်သည့်သူမှာ အမျိုးသမီး တစ်ဦး (သို့)တစ်ဦးထက်ပိုပြီးရှိတတ်သည်။

မိန်းကလေးသည် ပါးရဲထိုးရမည့်အသက်အရွယ် ထက်ကြီးနေသည့်အသက်ဖြစ်နေပါကလည်း အနာကျက် ရန် ခက်ခဲသည့်အတွက် ပါးရဲထိုးသူများက ကိုင်တွယ် ဆောင်ရွက်ပေးရန်ငြင်းဆိုတတ်ကြသည်။လက်ခကို နေရာ ဒေသအလိုက်နှင့်ခင်မင်မှုအပေါ်မူတည်၍ စက်၊မောင်း၊ ရိုးရာပုတီး၊ရိုးရာစောင်ကစပြီးနွားနောက်အထိ ပေးကြရ ကြောင်းသိရသည်။

ထိုသို့မျက်နှာပရဲထိုးရာတွင် အန္တရာယ်ကင်းစွာလုပ် ဆောင်နိုင်ရန်ထိုးထားပြီးနောက် လှပစွာ ပြန်လည်ကောင်း မွန်နိုင်ရေးအတွက် ဒိုင်ရ်ချင်းလိုစကားအရ Puik’tu (Puik’poh)ဟုခေါ်သောအနာဂတ်ကိုဟောကိန်းထုတ် တွက် ချက်ပေးလေ့ရှိသည့်ပုဂ္ဂိုလ်ထံသို့ ဦးစွာမေးမြန်းကြရသည်။ ထိုပုဂ္ဂိုလ်မှ ရိုးရာထုံးစံအတိုင်းဆောင်ရွက်ပြီး မည့်သို့ မည်ပုံ၊မည့်သည့်အချိန်တွင်ပြုလုပ်ပါက အဆင်ပြေကောင်း မွန်မည်ဖြစ်ကြောင်းတွက်ချက်ပေးရသည်။ထိုသို့ ဆောင် ရွက်ရာတွင် ကိုးကွယ်ယုံကြည်မှုအရ ပါးရဲထိုးမည့် မိန်းကလေးများအတွက် ရည်ရွယ်လျက် ကြက်၊ခွေး၊ဝက် စသည့် အိမ်မွေးတိရစ္ဆာန်ဖြစ်သင့်ကြောင်း အနာဂါတ်ဟော





D/mai than myint

ပြောသည့်ပုဂ္ဂိုလ်မှတွက်ချက်ပြီးမှသာရင်းတို့ကိုယဇ်ကောင် အဖြစ်အသုံးပြုရသည်။ထိုသို့ပြုလုပ်သူများ ပြီးမြောက်ပါ ကအနာဂတ်ဟောကိန်းတွက်ချက်ပေးသူ၏ညွှန်ကြားချက် အတိုင်းလုပ်ငန်းကို စတင်ဆောင်ရွက်ကြရသည်။

မျက်နှာပါးရဲထိုးသည့်လုပ်ငန်းကို စတင်ရတော့ မည့်အချိန်တွင် ပါးရဲထိုးမည့်မိန်းကလေးကို ဆွေမျိုးနီး စပ်သည့် အဒေါ်၊အစ်မတို့က တိတ်ဆိတ်သည့်အိမ် သို့မဟုတ် ရွာအပြင်တွင်ရှိသည့် အဆောက်အုံ တစ်ခုခုသို့ ခေါ်ပြီး ညအိပ်ကြရသည်။နောက်ရက်တွင် ပါးရဲထိုးခြင်း လုပ်ငန်းကိုစတင်ကြရသည်။ထိုသို့ဆောင်ရွက်စဉ်အတွင်း အခြားသူစိမ်းမသွားရောက်စေရန်ထင်သာမြင်သာရှိသည့် နေရာ၊အိမ်၏အဝင်ဝဘက်ဝရန်တာတွင် သစ်ရွက်စိမ်းကို ထားရှိရသည်။ထိုအမှတ်အသားမှာ သူစိမ်းဧည့်သည် မဝင်ရန် တားမြစ်သည့်အမှတ်အသားအဖြစ်ဒိုင်ရဲချင်း တို့က နားလည်ကြရသည်။ပါးရဲထိုးရာတွင် အထက်မှာ ဖော်ပြပြီးဖြစ်သည့် ပစ္စည်းများကို အသုံးပြုရသည်။ ကြိမ်ပင် သို့မဟုတ် ဆူးပင်တမျိုးမှဆူးသည် သွေးထွက် လာသည်အထိ မျက်နှာမှာအကွက်ဖော်ရန် ဖြစ်သည်။ ဒိုင်ရဲလို လော့်(Ng’hol) ဟုခေါ်သည့် အရွက်ကို အရည် ညှစ်ပြီး ကျပ်ခိုးမှုန့်နှင့်သမအောင်ရောရသည်။ထိုအရည်

ထဲတွင်ဆူးအချောင်း အမြောက်အမြားစွာတို့၏ ထိပ်ဖူးကို စိမ်ထားပြီး ထိုစိမ်ထားသည့်ဆူးများကို အသုံးပြုကြရသည်။ပါးရဲထိုးသည့်အချိန်မှာ တစ်ရက်မှနှစ်ရက်ထိ ကြာတတ်သည်။အချို့မိန်းကလေးများမှာ နာကျင်မှုကို မခံမရပ်နိုင်ဖြစ်ပြီး ထွက်ပြေးလေ့ရှိကြရာ နီးစပ်သည့် မိဘ၊ဆွေမျိုးများက အချိန်ပြည့်စောင့်ကြည့်ပေးရသည်။ ပါးရဲထိုးလုပ်ငန်းပြီးဆုံးပြီးနောက်ပါးရဲထိုးထားသည့် မျက်နှာမှာ ပုံမှန်အားဖြင့်နှစ်ပတ်မှသုံးပတ်အတွင်းတွင် ပြန်လည်ကောင်းမွန်လေ့ရှိသည်။ပလက်ဝမြို့နယ်ဖုန်းလောင်ဒေသဘက်တွင်လည်း ပါးရဲထိုးထားသည့် ဒိုင်ရ်ချင်းအမျိုးသမီးဘဝကို တွေ့ရှိနိုင်သည်။

ကမ္ဘာကြီးသည် တစ်နေ့ပြီးတစ်နေ့ တိုးတက်ပြောင်းလဲလာသည့်အလျောက် မိဘများနှင့်သူတို့၏ သားသမီးများသည် ပါးရဲထိုးရန်မသင့်ကြောင်းနားလည်လာခဲ့ပြီးအားပေးခြင်း မပြုတော့ချေ။ထို့အပြင် မျက်နှာပါးရဲထိုးသည့်ဓလေ့သည် အန္တရာယ်များသောကြောင့်လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ဝန်းကျင်ခန့်ကပင်စွန့်လွှတ်လာခဲ့ကြသည်။ ဤသို့မျက်နှာပါးရဲထိုးသည့်ဓလေ့သည် မျိုးနွယ်စုအတွက် အရေးကြီးသည့်အမှတ်အသားဖြစ်သကဲ့သို့ ရိုးရာယဉ်ကျေးမှုအရ တန်ဖိုးထားမြတ်နိုးခဲ့ကြရသည့် ဓလေ့လည်းဖြစ်ခဲ့

သည်။ယနေ့ခေတ်တွင် မျက်နှာပါးရဲထိုးသည့်ဓလေ့မရှိ သလောက် နည်းပါးသွားပြီး မျက်နှာပါးရဲထိုးသည့်အမျိုး သမီးများလည်း ရှားပါးနေပြီဖြစ်သည်။ပါးရဲထိုးခြင်းအား သတ္တိရှိခြင်း၊မျက်နှာ၏ နာကျင်မှု ခံနိုင်ရည်ရှိမှသာ မျက်နှာတွင်ပါးရဲရှိနေပေသည်။ကျေးရွာတစ်ချို့တွင်အသက် ကြီးပိုင်း၊အဘွားအိုများလောက်သာကျန်ရှိနေပြီးထိုပုဂ္ဂိုလ် မရှိတော့သည့်အချိန်တွင်စိတ်ဝင်စားစရာကောင်းလှသည့် ဒိုင်ရ်ချင်းတို့၏ မျက်နှာပါးရဲထိုးခြင်းဓလေ့သည် လုံးဝ တိမ်ကောပျောက်ကွယ်တော့မည့်အခြေအနေသို့ရောက်ရှိ နေပြီဖြစ်သည်။တန်ဖိုးထားအပ်သောရိုးရာဓလေ့တစ်ခုရှိ ခဲ့သည်ကို နောင်လာနောင်သားများအား ပြောပြရန် သာဓက ကျန်ရှိနေချင်ပါသေးသည်။

# ချင်းတိုင်းရင်းသားတို့၏စိတ်ဝင်စားဖွယ်ကောင်းသောအမည်ပေးခြင်းနှင့် ရိုးရာဓလေ့

မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်ဒေသတွင် နေထိုင်သော ချင်းတိုင်းရင်းသားများ၏ ကလေးနာမည်ပေးပုံမှာစိတ်ဝင်စားဖွယ်တစ်မူထူးခြားလှပါသည်။ ချင်းလူမျိုးများတွင် အတောင့်တဆုံးအရာသုံးခုရှိပါသည်။၎င်းတို့မှာ“သားဦးရတနာ၊သေနတ်၊အိမ်ကောင်းကောင်း” ဟူ၍ ဖြစ်သည်။သားဦးသည် မိမိ၏အမည်ကိုခေတ် အဆက်ဆက်ယူဆောင်သွားမည့်သူဖြစ်၍ အမွေစားအမွေခံလည်းဖြစ်သည်။ထို့အပြင်သားဦး၊သမီးဦး၏အမည်ကိုသုံး၍မိဘတို့အား အမေ၊အဖေစသည်ဖြင့် ခေါ်ဆိုလေ့ရှိ၏။ သားအမည်သည် ထလာအုပ် ဖြစ်ပါက ‘ထလာအုပ် အဖေ၊ ထလာအုပ်အမေ’ သို့မဟုတ် ‘အုပ်သဲ ပါး၊အုပ်သဲ နူး’ စသည်ဖြင့် ခေါ်လေ့ရှိသောကြောင့် သားဦး၊သမီးဦး၏ အမည်သည် နာမည်ကောင်းရှိဖို့ အလွန်အရေးကြီးသည်။

မြန်မာလူမျိုးများ၏ နာမည်ယူပုံမှာ မွေးသောနေ့ကိုလိုက်၍ မှည့်ရ၏ တနင်္ဂနွေသားသမီးများသည် ‘အ’ အမည်ပါရှိရ၏။ သောကြာ သားသမီးဆိုလျှင် ‘သ’ ‘ဟ’ အက္ခရာကို ဦးတည်နာမည် မှည့်ကြသည်။ ချင်းလူမျိုးများမှာမူ နာမည်ပေးသူသည်သူ၏ရပ်တည်မှု သို့မဟုတ်

နာမည်ပေးသောသူတို့၏ဘဝရပ်တည်မှုကို ချင့်ချိန်၍ သူတကာထက်မြင့်ခြင်း၊နိမ့်ခြင်း၊ရွှေ၊ငွေများကိုင်တွယ်နိုင်ခြင်း၊ဆင်းရဲခြင်း၊ချမ်းသာခြင်း၊သားကောင်များများပစ်သူဖြစ်ခြင်း၊ပညာတတ်ဖြစ်ခြင်း စသည်ဖြင့် ထင်ရှားကျော်ကြားခြင်းဖြင့် အမည်ကိုရွေး၍ပေးကြကြောင်းသိရသည်။

အမည်ပေးခြင်းနှင့်ပတ်သက်၍ ဘိုးဘေးတို့၏စိတ်ထားသည် အလွန်ရိုးသားသည်။အတုယူစရာ များစွာရှိပါသည်။ဆင်းရဲခြင်း၊ချမ်းသာခြင်း၊အောက်ကျ နောက်ကျ ဖြစ်ခြင်းကို မဖုံးကွယ်ပေးရခြင်း၏အဓိပ္ပာယ်ကိုကြည့်ခြင်းဖြင့် ပေါ်လွင်စေသည်။ ရွှေ၊ ငွေ၊ မသုံးနိုင် သူများက ရွှေ၊ငွေ ပါသောအမည်မပေးကြရပေ။စာမတတ်၊ပညာမရှိသူများက “စာ”ပါသောစကားလုံးသုံး၍မပေးကြ။ ခွန်အားမတောင့်တင်း၊ ပိုက်ကွင်းတွင် နာမည်မရှိဘဲ “ခွန်အား” ပါသော စကားလုံးမပေးကြပါ။မကိုင်တွယ်၊မသုံး၊မတတ်သိသော အရာကိုတတ်သိ သောသူကဲ့သို့ သုံး၍နာမည်မပေးကြပါ။ထိုသို့ပေးမိပါက ပတ်ဝန်းကျင်၏ အပြောခံရသည်။ သားတိရစ္ဆာန်တစ်ကောင်မှ မပစ်သတ်ဖူးသူ အသက်တိုတတ်သည်ဟု ယူဆကြသည့်ဓလေ့ရှိသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

နာမည်ပေးခြင်းနှင့်ပတ်သတ်၍ ချင်းပြည်နယ်တောင်ပိုင်းမတူမျိုးနွယ်စုတို့တွင် သားယောက်ျားကိုအထွတ်အမြတ်ထားသည်။သားဦးကို ဦးစားပေးသည်။ မိဘအမွေအဓိကဆက်ခံသူဖြစ်သည်။လယ်၊ ယာ၊ စပါး၊ ကျွဲ၊ သေနတ် တို့ကိုအမွေခံသည်။ သားထွေးကအိမ်ကိုဆက်ခံပြီးမိဘနှစ်ပါးကို ကြည့်ရှုစောင့်ရှောက်သည်။ ကလေးမွေးဖွားပြီး တစ်ပတ်အကြာမှ နာမည်မှည့်ပေးလေ့ရသည်။ ရှေးအခါက ရေဘူးထဲတွင်ထည့်ကာ နာမည်အော်ပြောပြီး ဆန်လုံး ထည့်သည်။ ဆန်လုံးသည်အောက်သို့မကျပါက အသစ်မှည့်ပြီး အကြိမ်ကြိမ်ဖျားနေပါက နာမည်ပြောင်းပေးရသည်။ကလေးမွေးဖွားသည်နှင့်တစ်လမပြည့်ခင် သေတ္တာဖွင့်ပိတ်ခြင်းမပြုရပေ။သေတ္တာပြန်ဖွင့်၊ ပြန်ပိတ်ပါက ကလေးလိပ်ပြာသေတ္တာထဲဝင်မိပြီး ကလေးအသက်ရှူမဖြောင့်ဟု ယူဆကြသည်။ ယောက်ျားအမည်ကား သေဆုံးသူတို့၏ အမည်ကိုပြန်မှည့်ရသည်။ သတိတရရှိသည့်အနေဖြင့် နာမည်ပြန်မှည့်ခြင်းဖြစ်သည်။ လင်မယားမိသားစုအချင်းချင်း တိုင်ပင်ညှိနှိုင်းပြီးမှ မှည့်ခေါ်ထားခြင်းဖြစ်သည်။ မိန်းကလေးကိုလည်း သေဆုံးသူမိခင်ဘက် အမျိုးဘက်၊အမျိုးတော်စပ်သည့်မိခင် အမည်များအား ပြန်မှည့်ရသည်။ ပန်း

အမည်များကိုလည်း အဓိက မှည့်ခေါ်သည်။ရှိင်ဗန်း၊ရှိင်ဆုန်း၊ ရှိင်ကစ်၊ ထိမ်ဝေါလ်း၊ ယတ်ဒါး၊ ဒစ်မိုင်း၊ ရှိင်းမွေးစသည့်တို့ကား သစ်ခွပန်း၊ သဇင်ပန်း၊ ငွေပန်း စသည့်အမည်များပင်ဖြစ်သည်။ ယောကျ်ားများသည် လိပ်ပြာခုနစ်ခု၊ မိန်းကလေးများသည် ငါးခုရှိသည်ဟု ယူဆကြသည်။ယောကျ်ားများသည်မိဘအမွေဆက်ခံသူ၊ရပ်ရွာစောင့်ရှောက်သူ၊ အမျိုးဂုဏ်မြှင့်တင်သူ၊ မျိုးရိုးဆက်ခံသူဖြစ် သည်။ အမွေဆက်ခံခွင့်လုံးဝမရှိပေ။အိမ်ထောင်ကျပါကမိခင်ဘက်မှ ပါလာသော လက်ဝတ်လက်စားများသာပါလာပေသည်။ မိန်းကလေးတို့အား အရေးကြီးသောလျှို့ဝှက်ချက်များအားမပြောကြပေ။

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်တွင်နေထိုင်သောတိုင်းရင်းသားမျိုးနွယ်စုများတွင် အမည်ပေးပုံမှာလည်းစိတ်ဝင်စားဖွယ်ရာဖြစ်သည်။ သာဓကအားဖြင့်ဖခင်အမည်မှာ ကီးလိန်းမောင်းဖြစ်ပါက သားဖြစ်သူကဖခင်အမည် လိန်းမောင်းအားယူ၍ အခြား ကောင်းသောနာမည်တစ်ခုကို ထည့်၍မှည့်လေ့ရှိသည်။ သာဓကအားဖြင့် သားဖြစ်သူအမည်မှာ လိန်းမောင်းမန် သို့မဟုတ်အခြား အမည်မှည့်လေ့ရှိသည်။ ဖခင်ကီးလိန်းမောင်းတွင်သမီးရှိပါက သမီးအမည်ကို ဖခင်အမည် လိန်းမောင်းကို

ပြန်ယူ၍ လိန်းမောင်းစိမ်းဟု အမည်ပေးနိုင်သည်။ တစ်နည်းအားဖြင့် မိဘ၏ အမည်ကို မျိုးရိုးအစဉ်အလာ အရမှည့်ခေါ်ခြင်းဖြင့် မျိုးနွယ်စုကို ထိန်းသိမ်းစောင့် ရှောက်သည့် ချစ်စဖွယ်ကောင်းသော အမည်မှည့်ခြင်းဟု ခေါ်ဆိုနိုင်သည်။

နာမည်မှည့်ရာတွင် ချင်းတိုင်းရင်းသားတို့၏ ရိုးရာ အရ မကောင်းသောအမည်၊အတိတ်နိမိတ်မကောင်းသော နာမည်များကိုလည်းရှောင်ရှားကြသည်။ ဥပမာ - ရှုံးနိမ့်၊ ဆုံးရှုံး၊ဆုံးမြစသည့်တို့ဖြစ်သည်။ တစ်ခါကရွာတစ်ရွာ တွင် သူငယ်ချင်း တစ်ယောက်သည် အိမ်ဆောက်လျက် ရှိရာ သွပ်ပြားမိုးနေပြီဖြစ်သည်။ကြမ်းပြင်ခင်းဖို့သာ ကျန် တော့၏။ ထိုညနေတွင် အစိုးရ ဝန်ထမ်းတစ်ဦးသည် ထိုအိမ်၌တည်း၏ ။

အိမ်ပိုင်ရှင်သည်အိမ်ကို အားလုံးကိုပြန်ဖြိုဖျက်ပြီး အစမှပြန်ဆောက်ရသည်။ အကြောင်းမှာ ဧည့်သည်၏ အမည်သည်မကောင်း၊ အိမ်သစ်ဆောက်နေချိန်နာမည် ကောင်းဖြစ်ရန်လိုအပ်၏။ ဧည့်သည် ရဲ့သား၏အမည် သည် ‘လျမ်းကျင်း’ ဒဏ်တပ်ခံရသည် ဟူသော အဓိပ္ပာယ် ရှိသောကြောင့်ဖြစ်သည်။ နာမည်ပေးခြင်းနှင့်ပတ်သက်၍ ပေးသူအနေဖြင့်လည်းကောင်း၊ အမည်ပိုင်ရှင်အနေဖြင့်

လည်းကောင်း၊မိမိအမည်သည်အဓိပ္ပာယ် ကောင်းပါသည် ဟု ယူဆတတ်ကြသည်။ အယူသည်းသောသူများသည် လည်းအနည်းနှင့်အများ ရှိတတ်ကြသည်။ အသင်သည် ချင်းတောင် တစ်ခွင်တွင် ခရီးသွားရောက်၍အိမ်အသစ်၌ တည်းခိုသည်ဆိုပါအံ့။ထိုအိမ်သားများက ပထမဦးဆုံး အမည်နှင့်မိသားစုအကြောင်းကို မေးကြမည်ဖြစ်သည်။ ဝန်ထမ်းရာထူးကြီးဖြစ်သော်ငြားလည်း၊ သူဌေးပင်ဖြစ် သော်လည်း ရုပ်ချောသူဖြစ်သော်ငြားလည်း၊ဆွေမျိုး တော်သူ ဖြစ်သော်ငြားလည်း နာမည်ကောင်းသူ မဖြစ်လျှင်စိတ် ကသိကအောက်ဖြစ်ကြရသည်။ သို့သော် နာမည်ကောင်း သူဖြစ်လျှင် ကြက်မဝဝတစ်ကောင်သတ် ၍ ခေါင်းအိုးတည်လျက် အိမ်နီးနားချင်းများကိုခေါ်ယူ၍ ခေါင်ရည်ဖြင့်ကြိုဆိုဧည့်ခံကြမည်ဖြစ်ပါသည်။ နိုင်ငံခြား အဆင့်တွင်ကြက်၏တန်ဖိုးသည်အနိမ့်ဆုံးဖြစ်သော်လည်း ချင်းလူမျိုးများအတွက်မိမိအိမ်တွင်ဝဝလင်လင်မွေးရသော ကြက်မသတ်၍ ခေါင်ရည်အိုးကြီးကြီး တည်ခင်းလျက် ဧည့်ခံခြင်းသည် အလွန်မွန်မြတ်သောအရာဖြစ်သည်။ ကြက်သတ်ခေါင်အိုးဖြင့်ဧည့်ခံခြင်းသည်မျက်နှာကြီး လူ ကြီးသူမများ၊အလွန်ချစ်ခင်သောမိတ်ဆွေနှင့်ဆွေမျိုး များ အတွက်သာ ပြုလုပ်ပေးလေ့ရှိသော ဧည့်ခံပွဲဖြစ်ပါသည်။









D/mai than myint

အမည်ပေးပုံ၊မှည့်ပုံအကြောင်းနှင့် ချင်းလူမျိုးများက ဘာသာရေးတွင် ဖခင်ဟုခေါ်ခံရသူ သိက္ခာတော်ရ ဆရာဒေါက်တာဗန်းဘိခ်ကို မေးမြန်းရာ ၎င်းက "ဖြေကြားသည်မှာ ချင်းလူမျိုးတို့ရဲ့ နာမည်ပေးပုံမှာ နှစ်လုံးသာ ဖြစ်ပါသည်။ယနေ့အမည် နှစ်လုံးမှည့်ရန် စာလုံးရွေးဖို့ကုန်သွားလို့ သုံးလုံး၊ လေးလုံးပေးကြခြင်း ဖြစ်တယ်" ဟူ၍ ပြောဆိုသည်။နာမည် ပေးလေ့ပေးထရှိသော စကားလုံးနှစ်လုံးထက်ပို၍ လေးငါးလုံးအထိပေးကြရသည်ကို ယခုခေတ်တွင် တွေ့မြင်နေပေသည်။

နာမည်မှည့်ပြီး နာမည်အသုံးမပြုရပါက နှမြောစရာကောင်းလွန်းလှပေသည်။ ထို့အပြင် မိမိနာမည်ကောင်းကောင်းရှိသော်လည်း ချစ်စနိုးဖြင့်ခေါ်သောအမည်ဖြင့် တစ်သက်လုံးခေါ်ရသည်ကလည်း နှမြောစရာရှိပြန်သည်။ နာမည်ကောင်း ပျောက်သွားနိုင်ပါသည်။ ဥပမာ အားဖြင့် ဆာနီ၊ ထန်ဇလျှန်၊ မန်အုပ်ထန်တို့ ဖြစ်သည်။

မိမိနှင့် ဖခင်တို့၏ အမည်ရင်းများ၊ ဘာသာရေးအမည်၊ မိမိမျိုးနွယ်အမည်နှင့်မိမိတို့၏ လက်ရှိအမည်ပေါင်း၍မှည့်မည်ဆိုပါက ရေးရန်စာလုံးများလှသည်လည်းရှိသည်။အမည်ပေးခြင်းနှင့်ပတ်သက်၍ မည်မျှပင်စာလုံး

များပြားစေကာမူ အမည်ရှင်၏ သဘောဖြစ်၍ ပြဿနာမရှိပေ။

ဦးလိုင်းလင်းဆိုသူက အမည်နှင့်ပတ်သက်၍ ရေးသားရာတွင် "ယနေ့ ချင်းနာမည်ရှည်ရှည်များဆက်လက်မှည့်ဦးမည်ဆိုပါက အမည်ပေးသူမိဘများအားအပြစ်တင်ကြမည်မှာမလွဲပါ။နာမည်မကောင်းသောသူကလာရောက်လည်ပတ်ခြင်းရှိပါက မိမိလုပ်ဆောင်ရမည့်အစီအစဉ်ရေးဆွဲပြီးသည့် ဇယားများကိုပင်ပြောင်း၍ပြင်ဆင်ရလေ့ရှိကြသည်'ဟုဆိုသည်။ထိုကဲ့သို့အယူသည်းခြင်းကို ဘာသာရေးအရ ခေတ်မမီတော့ဟုဆိုနိုင်သည်။သို့သော် မိမိလူမျိုး၏လိုက်နာကျင့်သုံးသော ဓလေ့ထုံးတမ်းအစဉ်အလာကို အားလုံးပစ်ပယ်၍ မရကြောင်းအများက လက်ခံလျက်ရှိသည်။မေးခွန်းပေါင်းများစွာရှိနိုင်သည်။နာမည်ကောင်းကိုသာရွေး၍ မှည့်လိုပါသည်ဆိုလျှင်မှည့်လိုသော စကားလုံးပေးနိုင်မည့် လူကြီးကိုရှာပြီး နံမည်မှည့်ခိုင်းလျက်ရှိကြပေသည်။

ယခုအခါ လူအများရောထွေး၍ အတူနေထိုင်လာကြသောအခါမိမိကလေးကို လူမျိုးခြား၏အမည်များပေးတတ်ကြသည်။ချင်းတိုင်းရင်းသားအမည်အစားလူမျိုးခြားအမည်ကိုယူရန် တိုက်တွန်းသူလည်းရှိလာကြသည်ကို

တွေ့ရှိရသည်။တိုးတက်ပြောင်းလဲလာသော ခေတ်တွင် ရှေးဘိုးဘွားဘီဘင်ခေတ်ဟောင်း၌ မှည့်ခေါ် အသုံးပြု ခဲ့သောစကားလုံးများသည်။ယခုအခါအသုံးမပြုသည်များ လည်းရှိလာသည်။ဥပမာအားဖြင့် ထလူလ်း၊ထလာမ်၊ခွီ၊ ဗိုက်၊ပဲန်းစသည့်အမည်များဖြစ်ပါသည်။ရာသီဥတုကိုတင် စားသော မေ၊နိုဝင်ဘာ၊ဒီဇင်ဘာ စသည့်အမည်များ၊ ရောက်သည့်အရပ် Singapore၊Washington စသည့်များ အပြင် ကိုင်တွယ်လေ့ရှိသော ပစ္စည်းအမည်များဖြစ်သော platinum၊Seiko နှင့်Rolex စသည့်တို့ကိုလည်း လူနာမည် အဖြစ် မှည့်ကြသည်။ နောင်အခါတွင်လည်း ခေတ်မီ တိုးတက်လာသည်နှင့်အမျှ ဆက်လက်၍ မှည့်နေကြဦး မည်သာဖြစ်သည်။

ချင်းတိုင်းရင်းသားတို့သည်မျိုးနွယ်စုများပြားသည့် အပြင် ရိုးရာယဉ်ကျေးမှုများမှာလည်း စိတ်ဝင်စားဖွယ် ကွဲပြားခြားနားလျှက်ရှိသည်။လူ့ဘဝတွင် နာမည်သည် အရေးပါသောကြောင့် မိဘများက သားသမီးများအပေါ် ချစ်မြတ်နိုး၍သော်လည်းကောင်း၊ ခေတ်ဆန်ခေတ်မီလို၍ လည်းကောင်း၊ နာမည်ပေးစေကာမူ မျိုးနွယ်စုအလိုက် တိုင်းရင်းသားတို့၏ အမည်ကိုပစ်ပယ်၍အမည် သွေဖီ မှည့်ခြင်းကို နှစ်သက်ကြမည်မဟုတ်ပေ။အရိုးပေါ် အရွက်

မဖုံးစေရန်မိမိတို့၏ လူမျိုးအမည်ကို ထိန်းသိမ်းမှသာ လူမျိုးအပေါ် ချစ်ခင်သစ္စာရှိရာကျမည်ဖြစ်သောကြောင့် မျိုးချစ်စိတ်ဓာတ်ရှိသော ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ အဘိုး၊ အဘွားများနှင့် သက်ရှိထင်ရှားမိဘများက လူမျိုးစု အလိုက်၊ ရိုးရာအလိုက်သားသမီးများကို မြတ်နိုးစွာဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော၊ တင့်တယ်ကြီးမြတ်သော နာမည်များကိုရိုးရာ မပျက်လက်ဆင့်ကမ်း၍ မှည့်ပေးကြဦးမည်မှာ အသေအချာဖြစ်ပါတော့သည်။

# မွန်ရိုးရာလယ်နတ်တင်ခြင်းဓလေ့

မွန်လူမျိုးတို့သည် လယ်ယာလုပ်ငန်းခွင် ပျိုးကြဲချိန်နှင့်စပါး ရိတ်သိမ်းချိန်တို့တွင် လယ်နတ်တင်ခြင်းဓလေ့ပြုလုပ်လေ့ရှိကြသည်။

လယ်နတ်တင်ခြင်းဓလေ့ ပေါ်ပေါက်လာပုံမှာ-

ရှေးအခါကတစ်ယောက်သော သူကြွယ်သားသည် အဘသေသည်ရှိသော် မိခင်သည် "ချစ်သား သင့်အတွက် သတို့သမီးတစ်ယောက်နှင်းပေးအံ့"ဟု ဆိုလေ၏။ထိုအခါ သူကြွယ်သားသည် "အကျွန်ုပ်သည် အသက်ထက်ဆုံး မိခင်တို့ကို လုပ်ကျွေးပါအံ့" ဟု ဆိုလတ်သော်မိခင်သည် "ချစ်သား လယ်၌လည်းကောင်း၊ အိမ်၌လည်းကောင်း ပြုဖွယ်ကိစ္စတို့ကိုသင်သာလျှင်ပြုရ၏။ထို့ကြောင့် ငါ့အား စိတ်ချမ်းသာခြင်းမည်သည်မဖြစ်။သို့ဖြစ်၍ သတို့သမီး တစ်ယောက်ဆောင်နှင်းပေးအံ့"ဟု ဆိုလေ၏။သားသည် မိမိကြိုက်နှစ်သက်သော အမျိုးကိုညွှန်ကြားလေ၏။မိခင်သည်လည်း ညွှန်ကြားသောအမျိုးသမီးအိမ်သို့ သွား၍ သတို့သမီးငယ်ကိုဖိတ်မန်တောင်းဆို နေ့ရက်ကိုမှတ်သားပြီးလျှင် ထိုသတို့သား၏အိမ်သို့ဆောင်ခဲ့၍ နေစေလေ၏။ ထိုသတို့သမီးငယ်သည်ကားမြုံခဲ့လေ၏။ထိုအခါသူကြွယ်

သားကိုမိခင်သည် "ချစ်သား၊ သင်သည် မိမိအလိုအားဖြင့် သတို့သမီးငယ်ကို ဆောင်လာ၏။ထိုသတို့သမီးငယ်သည် ယခုအခါအမြဲဖြစ်ခဲ့၏။သားသမီးမရှိသော အမျိုးအမည် သည် ပျက်စီးတတ်၏။အမျိုးမဆက်နိုင်။သင့်အားတစ်ပါး သော သတို့သမီးငယ်ကိုဆောင်ဦးအံ့"ဟု ဆိုလေ၏။ထို သူကြွယ်သားသည် မိခင်ကို "မသင့်လျော်ပါ" ဟုတားမြစ် သော်လည်း မိခင်သည် အဖန်တလဲလဲပြောဆိုလေ၏။ မိန်းမမြဲသည် ထိုမိခင်ဆိုသောစကားကိုကြားရ၍ "သားတို့မည်သည်မိဘတို့စကားကို လွန်ခြင်းငှာမတတ် နိုင်ကြကုန်။ယခုအခါ ငါမှတစ်ပါးသားဖွားနိုင်သောမိန်းမ ကိုဆောင်ယူ၍ငါ့ကိုကျွန်မအရာ၌ထားလတ္တံ့၊ငါကိုယ်တိုင် သတို့သမီးတစ်ယောက်ကိုဆောင်ရမူကားကောင်းလေစွ" ဟု ကြံပြီးလျှင် တစ်ယောက်သောအမျိုးအိမ်သို့သွား၍ ထိုခင်ပွန်းယောကျ်ားအလို့ငှာ သတို့သမီးငယ်ကိုဖိတ်မန် တောင်းဆို၍ဆောင်ယူခဲ့ပြီးလျှင် လင်ယောကျ်ား၏အိမ်၌ နေစေ၏။

ထို့နောက်မှ ထိုမိန်းမမြဲအား ဤသို့သောအကြံ သည်ဖြစ်၏၊"ဤသတို့သမီးငယ်သည် သားယောကျ်ားကို လည်းကောင်း၊ သမီးမိန်းကလေးကိုလည်းကောင်း၊ အကယ်၍ ရသည်ဖြစ်အံ့၊ဤသတို့သမီးသည်သာလျှင်

ပစ္စည်းဥစ္စာတို့၏ အရှင်ဖြစ်လတ္တံ့၊ ကိုယ်ဝန်လျှောကျစေ ခြင်းတည်းဟူသော အခြင်းအရာဖြင့်ပြုသည်ရှိသော် သား သမီးမရ၊ထိုသို့သောအခြင်းအရာဖြင့်သာလျှင် ထိုသတို့ သမီးငယ်ကိုပြုခြင်းငှာသင့်၏”ဟုအကြံဖြစ်လေ၏။ထိုအ ခါသတို့သမီးငယ်ကိုထိုမိန်းမမြို့သည်“ချစ်သမီး၊သင့်ဝမ်း၌ ကိုယ်ဝန်တည်သောအခါ ငါ့အား အကြောင်းကြား ပါလော့” ဟုဆို၏။သတို့သမီးငယ်သည်“ကောင်းပါပြီ”ဟု ဝန်ခံ၍ ကိုယ်ဝန်တည်သည်ရှိသော် မိန်းမမြို့အား အကြောင်းကြားလေ၏။သတို့သမီးငယ်အားအာဟာရနှင့် အတူတကွရော၍ ကိုယ်ဝန်ကို ပျက်ကျစေတတ်သော ဆေးကို ပေး၏။ကိုယ်ဝန်သည်လျှောကျ ပျက်စီးလေ၏။ နှစ်ကြိမ်မြောက်၌လည်း ကိုယ်ဝန်တည်သည်ရှိသော် အကြောင်းကြားပြန်၏။မိန်းမမြို့သည် နှစ်ကြိမ်မြောက်၌ လည်းထို့အတူကိုယ်ဝန်ပျက်ကျစေပြန်၏။ထိုအခါ သတို့ သမီးငယ်ကို အိမ်နီးနားချင်းမိန်းမတို့သည် “အသို့နည်း၊ သင့်လင်တူဖြစ်သောအစ်မသည် အန္တရာယ်ကိုပြုလေသ လော”ဟုမေးကုန်၏။သတို့သမီးငယ်သည်ထိုအကြောင်းကို ပြောကြားသည်ရှိသော် “မိုက်လှစွာသောမိန်းမငယ်သင် အဘယ်ကြောင့်ဤသို့ပြုသနည်း၊ဤမိန်းမမြို့သည်သင်၏ အစိုးတရဖြစ်ခြင်းမှကြောက်သောကြောင့်ကိုယ်ဝန်ပျက်

ကျစေတတ်သော ဆေးကိုဖော်၍ပေး၏။ထို့ကြောင့်သင့်ကိုယ်ဝန်သည်ပျက်ကျလေ၏။တစ်ဖန်ဤကဲ့သို့ပြောဆိုခြင်းအမှုကိုမပြုလင့်”ဟုဆိုအပ်သည်ဖြစ်၍ သတို့သမီးငယ်သည်သုံးကြိမ်မြောက်ကိုယ်ဝန်တည်သောအခါမပြောမဆိုပဲနေလေ၏။ထိုအခါသတို့သမီးငယ်၏ဝမ်းကို မိန်းမမြို့သည်မြင်၍“အဘယ်ကြောင့် ငါ့အားကိုယ်ဝန်တည်သည့်အဖြစ်ကိုမပြောဆိုသနည်း”ဟုမေးမြန်းသဖြင့် “သင်သည်ငါ့ကိုဆောင်ယူလာပြီးလျှင်နှစ်ကြိမ်တိုင်တိုင် ကိုယ်ဝန်ကိုပျက်ကျစေ၏။အဘယ်အကျိုးငှာသင့်အား ပြောဆိုရအံ့နည်း” ဟုဆိုလတ်သော်ယခုအခါ“ငါသည် ပျက်စီးလေပြီ” ဟုကြံ၍ထိုသတို့သမီးငယ်၏မေ့လျော့ခြင်းကိုကြည့်လျက်နေစဉ် ကိုယ်ဝန်ရင့်သောအခါ အခွင့်ကိုရ၍ဆေးကိုဖော်စပ်လျက်ပေးလေ၏။သူငယ်ကိုယ်ဝန်သည် ရင့်သည့်အဖြစ်ကြောင့် လျှောကျခြင်းငှာမတတ်နိုင်ရကား ဖီလာကန့်လန့်အိပ်လျက်ပြင်းစွာသောဝေဒနာဖြစ်၍ အသက်ကုန်ခြင်းသို့ရောက်လေ၏။ထိုသတို့သမီးငယ်သည်သေခါနီးကာလ၌“ငါ့ကားပျက်စီးရတော့မည်ဖြစ်ချေ၏။သင်သည်ပင်လျှင်ငါ့ကို ခေါ်ဆောင်၍ သုံးကြိမ်စလုံး လူငယ်တို့ကိုဖျက်ဆီး၏။ယခုအခါငါသည်လည်း ပျက်စီးတော့အံ့။ယခုဤကိုယ်အဖြစ်မှ စုတေသည်ရှိသော် ဘီလူးမဖြစ်၍

သင်၏ သားငယ်တို့ကို စားခြင်းငှာစွမ်းနိုင်သောသူဖြစ်စေသော်" ဟု ဆုတောင်းခြင်းကိုပြု၍ သေသည့်ရှိသော် ထိုအိမ်၌ပင်ကြောင်မဖြစ်လေ၏။မိန်းမမြို့ကိုလည်း လင်သူကြွယ်သည်ကိုက်ဖမ်းလျက်"သင်ကားငါ့အမျိုးနွယ်ဖြတ်ခြင်းကိုပြု၏"ဟု တံတောင်ဆစ်၊ဒူးခေါင်း စသည်တို့ဖြင့် ပြင်းစွာထောင်းသတ်ပုတ်ခတ်ခြင်းကိုပြုလေ၏။မိန်းမမြို့သည်ထိုပြင်းစွာတောင်းသတ်ပုတ်ခတ်သောအနာဖြင့်သာ လျှင်သေ၍ ထိုအိမ်၌ပင်ကြက်မ ဖြစ်လေ၏။

ကြောင်မကကြက်မတို့၏သားကလေးများကို ဖမ်းစားသည်။နောက်တစ်ဖန်ဘဝတွင် ကျားသစ်မနှင့်သမင်ဖြစ်၍ ကျားသစ်မကသမင်မ၏သားငယ်ကိုစားပြန်သည်။ နောက်ဆုံး ဘီလူးမနှင့်လူမ ဘဝရောက်သောအခါ ဘီလူးမက အမျိုးသမီး၏သားငယ်ကို စားရန်အပြေးလိုက်စဉ် အမျိုးသမီးသည်မြတ်စွာဘုရား၏ကျောင်းတော် အတွင်းသို့ ရှေ့ရှု၍ပြေးလေ၏။ထိုအခါ မြတ်စွာဘုရားသည် ပရိတ်သတ်အလယ်၌ တရားဟော၍ နေတော်မူစဉ် ထိုအမျိုးသမီးသည်သားကို မြတ်စွာဘုရား၏ ခြေဖမိုးတော်၌အိပ်စေ၍ "တပည့်တော်မ၏ သားငယ်အားအသက်ရှင်ခြင်းကို ပေးသနားတော်မူကြပါဘုရား" ဟု လျှောက်လေ၏။ကျောင်းတံခါးမုခ်၌စောင့်နေသော သုမန

အမည်ရှိသောနတ်သည် ဘီလူးမအားအတွင်းသို့ ဝင်ခွင့်မပေး။မြတ်စွာဘုရားသည် ရှင်အာနန္ဒာအား ဘီလူးမကိုခေါ်စေတော်မူ၍"ရန်ကိုရန်ချင်း မတုံ့ပြန်ရန်နှင့် ရန်မည်သည် ရန်တုံ့မမူသဖြင့်ငြိမ်း၏။ ရန်တုံ့မူသဖြင့် မငြိမ်း" ဟုတရားဟောတော်မူ၏။ဘီလူးမသည်လည်း တရားတော်ကိုနာကြားပြီးသောအခါ သောတာပတ္တိဖိုလ်၌တည်လေ၏။ အမျိုးသမီးသည်ဘီလူးမကို အိမ်သို့ခေါ်ဆောင်ပြီးလျှင်ခေါင်လျောက်၌နေစေ၍ ယာဂုဦး၊ထမင်းဦးတို့ဖြင့် လုပ်ကျွေးသမှုပြုသည်။

ထိုဘီလူးမသည် "ဤနှစ်၌ မိုးကောင်းလတ္တံ့၊ကြည်း ကုန်းအရပ်၌ စပါးစိုက်ပျိုးလော့၊ဤနှစ်၌မိုးခေါင်လတ္တံ့၊ချိုင့်ဝှမ်းအရပ်၌စပါးစိုက်လော့"ဟုအဆွေခင်ပွန်းမဖြစ်သော အမျိုးသမီးအားပြောကြား၏။ထိုအခါအမျိုးသမီးမှကြွင်းသော ပြည်သူပြည်သားတို့ စိုက်ပျိုးအပ်သောကောက်သည် အလွန်ရေများသဖြင့်လည်းကောင်း၊ရေမရှိသဖြင့်လည်းကောင်းပျက်စီး၏။ထိုအမျိုးသမီးကား အလွန်လျှင်ပြည့်စုံ၏။ထိုအခါ ထိုအမျိုးသမီးကို သာဝတ္ထိပြည်၌နေကုန်သောသူတို့သည် "ချစ်သမီး၊သင်စိုက်ပျိုးအပ်သောကောက်သည်အလွန်ရေများသဖြင့်လည်းမပျက်စီး၊ရေမရှိသဖြင့်လည်းမပျက်စီး၊မိုးကောင်းအံ့သည့်အဖြစ်၊မိုးခေါင်

အံ့သည့်အဖြစ်ကိုသိ၍ လယ်လုပ်ခြင်းအမှုကို ပြုသလော” ဟု မေးမြန်းရာ “အဆွေခင်ပွန်းမ ဖြစ်သော ဘီလူးမသည် မိုးကောင်းအံ့သည့်အဖြစ်၊မိုးခေါင်အံ့သည့်အဖြစ်ကို ပြော ကြား၍ ငါတို့သည် ထိုဘီလူးမစကားဖြင့်မြင့်ရာ အရပ်၊ နိမ့်ရာအရပ်တို့၌ ကောက်တို့ကို စိုက်ပျိုးကြကုန်၏။ ထို့ကြောင့်သာလျှင်ငါတို့အားစပါးပြည့်စုံကုန်၏။အမြဲမပြတ် ငါတို့အိမ်မှ ယာဂု၊ထမင်းစသည့် ဆောင်ပို့သည်တို့ကို သင်တို့ မမြင်ကြကုန်သလော ယာဂု၊ထမင်းစသည်တို့ကို ထို ဘီလူးမအားပို့ဆောင်အပ်ကုန်၏။သင်တို့သည်လည်း ထိုဘီလူးမအားယာဂုဦး၊ထမင်းဦး စသည်တို့ကို ပို့ဆောင်၊ ပသကြကုန်လော့၊ သင်တို့၏ အမှုတို့ကိုလည်းထိုဘီလူးမ သည် ကြည့်ရှု၍မ,စလတ္တံ့”ဟုဆိုလေ၏။ထိုအခါ ဘီလူးမ အား တစ်ပြည်လုံး၌နေကုန်သောသူတို့သည် ပူဇော် သက္ကာရကိုပြုကြကုန်၏။ဘီလူးမသည်လည်း ထိုအခါမှစ၍ အလုံးစုံသော သူတို့၏ အမှုတို့ကို ကြည့်ရှုမစသည် ရှိသော် အခြံအရံများ၍ လာဘ်ကောင်းလာဘ်မြတ်ရသဖြင့် ပြန် ပြောသည့်အဖြစ်သို့ရောက်လေ၏။

မွန်လူမျိုးတို့သည်ဤဒေသနာကို ကြားနာရသော အခါ သောတပန်တည်နေသော ဘီလူးမကိုရည်မှန်းပြီး လယ်နတ်တင်ခြင်းဓလေ့ ပြုလုပ်လာကြပါသည်။



D/mai than myint

လယ်နတ်တင်ရန်အတွက် မုန့်ပိန္နဲစေ့၊ငှက်ပျောသီးတစ်ဖီး၊ အုန်းသီးတစ်လုံး၊သောက်ရေစသည်ဖြင့်တင်မြှောက်ကြပါသည်။

တင်မြှောက်ပုံမှာ-

လယ်စောင့်တဲပုံသဏ္ဌာန် တစ်တောင်ပတ်လည် တိုင်လေးတိုင်ဖြင့်အမြင့်တစ်တောင်ခန့်ပြုလုပ်ပြီး အပေါ် ၃ ပွဲ၊လယ်စောင့်တဲအပေါ်တွင် ငှက်ပျောလက်ခင်းပြီး ပွဲတည်ပါသည်။တစ်ပွဲလျှင် မုန့်ပိန္နဲစေ့၊ ငှက်ပျောသီး နှစ်လုံး၊အုန်းသီးအကွင်း တစ်ခု၊ထမင်း တစ်ဆုပ်၊ကောက်ညှင်းပေါင်း တစ်ဆုပ်၊ ကွမ်းတစ်ယာ၊ ဆေးလိပ်တစ်လိပ် ပါဝင်သည်။အုန်းရည်နှင့်ရေကိုအပေါ်မှ လောင်းချကာ တင်မြှောက်ပြီး စပါး အထွက်ကောင်းစေရန်၊မပျက်စီးစေရန်၊ပိုးမကျစေရန်၊လူ၊ကျွဲ၊နွားကျန်းမာစေရန် ဆုတောင်းကြပြီးကန်တော့ကြပါသည်။ထိုသို့ လယ်နတ်တင်ပြီးလျှင် လယ်နတ်တင်ထားသည့်အစားအစာများကိုစွန့်ပြီးနောက် ကလေးများက စားသောက်ကြပြီး မြေကြီးတုံးကို ရွှေတုံး၊ ငွေတုံးဟုပြော၍ လယ်စောင့်တဲပေါ်တင်ကာ လယ်နတ်တင်ခြင်း ကိစ္စပြီးမြောက်ပါ၏။

# ရခိုင်ရိုးရာ မင်္ဂလာဆောင်ပွဲဓလေ့

ရခိုင်တိုင်းရင်းသားလူမျိုးများသည် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကိုထိန်းသိမ်းစောင့်ရှောက်လေ့ရှိကြရာ ရခိုင်ရိုးရာမင်္ဂလာဆောင် အခမ်းအနားကိုလည်း ယနေ့အချိန်ထိ ထိန်းသိမ်းကျင့်သုံးလျက်ရှိကြပေသည်။သမက်ကယောက္ခမအိမ်သို့ လိုက်ပါနေထိုင်သောကြောင့်ရခိုင်ရိုးရာမင်္ဂလာဆောင်ပွဲကို "ရခိုင်တို့က သမက်တက်ပွဲ"ဟုခေါ်ကြသည်။

မင်္ဂလာဆောင်ကျင်းပရန် သတို့သား၊သတို့သမီးရွေးချယ်ခြင်း၊အချိန်ကာလ ရွေးချယ်သတ်မှတ်ခြင်းတို့ကိုလည်း အစဉ်အလာအတိုင်း ပြုလုပ်ကြပေသည်။ရခိုင်လူပျိုအပျိုတို့ အရွယ်ရောက်လျှင် အိမ်ထောင်ဖက်ကိုအများအားဖြင့် မိဘတို့က ရွေးချယ်ပေးလေ့ရှိသည်။သားရှင်မိဘများက ချွေးမလောင်းရွေးချယ်ပြီး သမီးရှင်မိဘများနှင့်ဆွေးနွေးကာ စေ့စပ်ကြောင်းလမ်းကြသည်။စေ့စပ်ကြောင်းလမ်းရာတွင် အသွင်းဖိုးကိုညှိနှိုင်းပြီး ရွှေ၊ငွေ၊ လယ်ယာစသည်တို့ကို သားရှင်မိဘများကပေးရသည်။စေ့စပ်ကြောင်းလမ်းပွဲကို သမီးရှင်မိဘများအိမ်၌ကျင်းပပြီးယောကျ်ားလေးဘက်မှခေါ်ထားသော ဗေဒင်

ဆရာနှစ်ဦးတို့က ဇာတာချင်းယှဉ်၍ နေ့သင့်တော်က ယောက်ျားလေးဘက်မှအသွင်းဖိုးပေးကာ စေ့စပ်ကြောင်း လမ်းကြသည်။

မင်္ဂလာမဆောင်မီ တစ်ရက်အလိုတွင် လက်ဖက်ထုပ်၊ ကွမ်းယာများနှင့်မင်္ဂလာဆောင်ဖိတ်ကြားကြသည်။ ထိုနေ့တွင်ပင် ငယ်လင်ငယ်မယားအညွန့်ရှိသော အမျိုးသမီးတစ်ဦးက သတို့သားအိမ်မှဆန်ကိုသတို့သမီးအိမ်သို့ပို့ပေးရသည်။ ဆန်မှာလည်း နို့ဆီဘူး နှစ်ဘူး၊ လေးဘူးစသည်ဖြင့်စုံဂဏန်းဖြစ်ရသည်။မင်္ဂလာဆောင်မည့်နံနက်အရုဏ်တက်အချိန်သတို့သမီးအိမ်၌ပင် မင်္ဂလာမြှောက်သည်ဆိုရာ၌ဘုန်းကြီးဆွမ်းကပ်ပြီးမင်္ဂလာတရားနာခြင်း၊ ဘိုးဘွား၊လူကြီးမိဘများအား ကန်တော့ခြင်း၊ မင်္ဂလာအခမ်းအနား ကျွမ်းကျင်သူက နံ့သာရည်ဖြင့် သတို့သား၊ သတို့သမီးအားပက်ဖျန်းခြင်းပင်ဖြစ်သည်။

သတို့သမီးအိမ်တွင် မင်္ဂလာလက်ဆုံ ထမင်းပွဲအတွက် အညွန့်ရှိသူအမျိုးသမီးက သတို့သားအိမ်ကလာပို့သောဆန်နှင့် သတို့သမီးအိမ်မှ ဆန်များကိုရော၍ချက်ရသည်။ထိုထမင်းနှင့်ကောက်ညှင်းထမင်းကိုရော၍မင်္ဂလာထမင်းပြင်ရသည်။ကောက်ညှင်းကဲ့သို့မကွဲမကွာစေးကပ်၍ တသက်လုံး မခွဲမခွာ ပေါင်းသင်းစေနိုင်ရန် ရည်ရွယ်


PNA's
Wedding Studio
One Stop Service



ခြင်းဖြစ်သည်။မင်္ဂလာလက်ဆုံထမင်းပွဲတွင် ငကုံသား (အကြေးရှိသောငါး)ကို ကုံကောင်းစေရန် ရည်ရွယ်၍ လည်းကောင်း၊ကြက်သား၊ဘဲဥ၊ပုစွန်၊မျောက်ဥ၊ရွှေဖရုံသီး ဟင်းတို့ကို ချမ်းသာကြွယ်ဝစေရန်၊ သားသမီးရတနာထွန်း ကားစေရန် ရည်ရွယ်၍ လည်းကောင်းထည့်သွင်းရသည်။ ကြက်တွင်အူစုံ၊ အသည်းစုံပါရပေသည်။ ပုစွန်တုပ်တွင် နှုတ်ခမ်းမွှေးများပင်မပြတ်စေရ။အင်္ဂါစုံရပေသည်။အကျိုး အပဲ့ အနာ အဆာများ မပါရအောင် ဂရုစိုက်၍ပြင်ဆင် ရသည်။ငါးတွင်လည်းအကြေးမကွာစေရန်၊ဆူးတောင်များ မကျိုး စေရန်(အင်္ဂါစုံအောင်) ပြင်ဆင်ရသည်။

မင်္ဂလာပန်းကန်ပေါ်တွင် ကောက်ညှင်းထမင်း၊ ပုစွန်တုပ်အကြီးနှစ်ကောင်၊ ငှက်ပျောသီးနှစ်လုံး၊ ဘဲဥ နှစ်လုံးတင်ထားရသည်။ မင်္ဂလာလင်ပန်းတစ်ချပ်ပေါ် တွင်ပရိတ်ချည်ပတ်ထားသော မြေ(သို့မဟုတ်) ကြေး ရေစင်အိုးနှစ်လုံးတွင်သပြေညွန့်ကိုတည်၍နေ့နံသင့်သော ပန်းညွန့်နှင့်ပေဖူးလွှာခေါ်အခါစာကိုထိုးစိုက်ထားရသည်။ အခါစာဆိုသည်မှာ သတို့သားဘက်မှဗေဒင်ဆရာကနေ့နံ သင့်တွက်ချက်၍ သတို့သမီးနှင့်မိတ်ဖက်ဖြစ်သော မည်သည့်ပန်းကိုပန်ဆင်ရမည်၊ ရေစင်အိုးတွင် မည်သည့် ပန်းစိုက်ရမည်ဟု ရေးထိုးထားသောစာပင်ဖြစ်သည်။






D/mai than myint

လက်ထပ်ပွဲကျင်းပမည့် နေ့လယ်ပိုင်းတွင် သတို့သမီးအိမ်သို့သတို့သမီး၏အဖော်အပျိုများသည်ဝတ်ကောင်းစားလှဝတ်ဆင်၍ လက်ဖွဲ့များ သွားရောက်ပေးလေ့ရှိသည်။ ထိုသို့သွားရောက်၍ လက်ဆောင်များပေးကမ်းခြင်းနှင့် သတို့သမီးအား ၎င်း၏အဖော်အဖြစ်စောင့်ရှောက်ခြင်းကို သမီးစောင့်သည်ဟုခေါ်ဆိုကြသည်။ သမီးစောင့်ပွဲသည် သတို့သမီးဘက်မှပြုလုပ်ရသော သတို့သမီး၏ဧည့်ခံပွဲပင်ဖြစ်သည်။အပျိုများပြန်သွားပြီးနောက် ညနေခင်းတွင် မင်္ဂလာပွဲကိုဆက်လက်ကျင်းပသည်။ဖိတ်ကြားထားသောဧည့်ပရိသတ်များက မိမိတို့နှင့်ရင်းနှီးသည့်ဘက်သို့သွားကြသည်။

မင်္ဂလာအချိန်ကျရောက်သောအခါ သတို့သားနှင့် ၎င်း၏ ဧည့်ပရိတ်သတ်များကသတို့သမီး၏ အိမ်သို့ စီတန်း၍ သွားကြသည်။သမက်ရှင်(သတိုးသား)သည် သမီးရှင်(သတို့သမီး)အိမ်သို့ တက်ရသဖြင့် မင်္ဂလာပွဲကို သမက်တက်ပွဲဟု ခေါ်သည်။

သတို့သမီးအိမ်သို့သွားရာတွင်သတို့သားနှင့်၎င်း၏ပရိသတ်သည်နဂါးခေါင်းလှည့်နှင့်ရင်မဆိုင်ရအောင်ဗေဒင်တွက်ထားသည့်အတိုင်းလှည့်လည်၍သွားရသည်။ဿျောင်ထမ်းသူ၊သေတ္တာထမ်းသူ (သတို့သား၏ဖခင်နှင့်အရပ်လူ





ကြီးများ)၊ရေစင်အိုးထမ်းသူ၊အညွန့်အုပ်ကိုင်သူ(သတို့သား မိခင်နှင့်အမျိုးသမီးကြီးများ၊သတို့သား၏မိတ်ဆွေများ)က တန်းစီ၍လိုက်ပါကြသည်။လူပျိုရုံက ဓားကိုထမ်း၍ သတို့ သားဘေးမှလိုက်ပါလာသည်။ရခိုင်ရိုးရာစည်တော်သမား များကလည်း စည်တော်တီး၍ လိုက်ပါကြသည်။သတို့ သမီးအိမ်သို့ရောက်သောအခါ သတို့သားသည် ချက်ချင်း အိမ်ပေါ်သို့တက်ခွင့်မရဘဲ မဏ္ဍပ်တွင်း၌ ရပ်တန့်နေ သည်။ပထမဦးစွာ သတို့သမီးဘက်မှအညွန့်ရှိသူ အမျိုး သမီးက အိမ်ရှေ့လှေခါးရင်းသို့ ဆင်းလာပြီး သတို့သား ဘက်မှယူဆောင်လာသော အညွန့်အုပ်ကို လှမ်းယူရ သည်။ထိုအညွန့်အုပ်ကိုမင်္ဂလာမြောက်ရန်သတို့သမီးရှေ့ရှိ မင်္ဂလာစားပွဲပေါ်တွင်တင်ထားရသည်။ ထိုစားပွဲပေါ်တွင် မင်္ဂလာထမင်းပန်းကန်နှင့်ရွှေဖရုံသီးဟင်း၊ငကုံသားဟင်း စသည်တို့ကိုဟင်းခွက်ငါးခွက်အဖြစ်တင်သည်။စပါးစေ့များ ကြဲ၍ ငွေဒင်္ဂါးနှစ်ပြားတင်ထားသည်။ အညွန့်အုပ်မှာ ငါးအုပ်၊ကိုးအုပ်စသည်ဖြင့် ဆင်းရဲ၊ချမ်းသာအလိုက်ပါရှိ တတ်သည်။ အညွန့်အုပ်များ၏ အရေအတွက်မှာ မဂဏန်းသာဖြစ်ရသည်။ ပထမအညွန့်အုပ်ထိန်းသူအမျိုး သမီးက ပဒေးညွန့်နှစ်ညွန့်၊မျောက်ညွန့်နှစ်ညွန့်၊စံပယ် ကုံးနှစ်ကုံး၊ဒေါင့်တလိပ်ပန်းနှစ်ကုံးတို့ကို သတို့သမီးအား






D/mai than myint

ပန်ဆင်ပြီးမှ အခြားပန်းများကို တစ်စုံကျစီပန်ဆင်ပေး သည်။ ထိုသို့မပန်ဆင်မီ သတို့သမီးဆောင်းထားသော သျှောင်မျက်နှာဖုံးကိုဖွင့်ရန်အတွက် မျက်နှာဖုံးဖွင့်ကြေး ပေးရသည်။

သတို့သမီးအားပန်းဆင်ပြီးနောက် အညွန့်အုပ်ထိန်း သူအမျိုးသမီးများ စုံညီစွာဆင်းလာပြီးမှသတို့သားသည် မင်္ဂလာဆောင်ရန် အိမ်ပေါ်သို့တက်ခွင့်ရသည်။ လှေကား ရင်းတွင် သတို့သမီး၏ညီမက သတို့သားခြေကိုရေနှင့် လောင်း၍ ခြေဆေးခတောင်းလျှင် ငွေပေးပြီးမှသတို့သား သည်ကိုယ်ရံတော်နှစ်ဦးနှင့်အတူ သတို့သမီး၏လက်ယာ ဘက်တွင် ထိုင်ရသည်။မင်္ဂလာလက်ထပ်ထိမ်းမြားပွဲကို စတင်သောအခါအညွန့်ရှိသူ အမျိုးသမီးကချည်ခင်ကို ကိုင်ပြီး သတို့သားနှင့်သတို့သမီးလက်ကို သုံးပတ်၊ ငါးပတ်၊ခုနစ်ပတ်စသည်ဖြင့် ပတ်ရသည်။ရေစင်အိုး နှစ်လုံး၊ သတို့သား၏အိပ်ရာလိပ်နှင့် သေတ္တာတို့အပြင် မင်္ဂလာထမင်းပွဲကို ချည်ခင်ဖြင့် ရစ်ပတ်သည်။ထိုသို့ ပြုလုပ်သည်ကို မြားသည်ဟုခေါ်သည်။ထို့နောက်မင်္ဂလာ ထမင်းကို လက်ဆုံစားကြရသည်။

မင်္ဂလာလက်ဆုံစားရာတွင် သတို့သား၏ဖခင်က သတို့သမီးနှင့် မျက်နှာချင်းဆိုင်ထိုင်၍လည်းကောင်း၊

သတို့သမီး၏ဖခင်က သတို့သားနှင့်မျက်နှာချင်းဆိုင် ထိုင်၍လည်းကောင်း ထမင်းထုပ်ခံရန်ဝါဖြူများဖြန့်ထား ရသည်။ သတို့သားနှင့် သတို့သမီးတို့သည် မင်္ဂလာထမင်း ပွဲတွင်ရှိသောထမင်းကို တစ်ဆုပ်ချင်းဆုပ်ပြီး ဖခင်များ ၏ပဝါဖြူထဲသို့ထည့်ရသည်။ထမင်းခုနစ်ဆုပ်ထည့်ပြီးလျှင် ဖခင်များကလက်ဖွဲ့ငွေပေးကမ်းကြသည်။ တစ်ဖန်မိခင်များ ကိုလည်းထိုနည်းအတူထမင်းဆုပ်ခုနစ်ဆုပ်ထည့်သည်။ ထို့ နောက် သတို့သားနှင့်သတို့သမီး တစ်ဦးနှင့်တစ်ဦး ထမင်း ခုနစ်ဆုပ်စီပေး၍ စားသောက်ကာ ရေဖလားတွင် အတူ လက်ဆေးကြရသည်။ထို့နောက်အညွန့်ရှိပြီး ဂုဏ်သရေရှိ သော ဇနီးမောင်နှံတို့က သတို့သားနှင့်သတို့သမီးတို့၏ ညာလက်များကိုယူ၍လက်ထပ်ပေးသည်။ရေစင်များသွန်း လောင်းပြီးမင်္ဂလာရှိသောစကားများ၊ မင်္ဂလာရတုများကို ရွတ်ဆို၍ထိမ်းမြားပေးလိုက်သည်။

ထိုသို့မင်္ဂလာဆောင်ပြီးနောက် ဧည့်သည်များသည် သတို့သားနှင့်သတို့သမီးတို့၏ရှေ့တွင်ရှိသော ငွေဖလား နှစ်လုံးထဲသို့ လက်ဖွဲ့များထည့်ကြသည်။ လက်ဖွဲ့ကို သတို့သားနှင့်သတို့သမီးက လက်အုပ်ချီ၍ခံယူရသည်။ လက်ဖွဲ့ပြီးနောက် သတို့သားသည် သတို့သမီးဆောင်း ထားသောသျှောင်ကိုယူ၍ မင်္ဂလာစားပွဲပေါ်တွင် ချထား

ရပြီး မိမိသျှောင်ကိုသတို့သမီး၏ ခေါင်းပေါ်တွင်ဆောင်း ပေးရသည်။ သျှောင်တင်သျှောင်ချသည့်အခါ သတို့သမီး က သတို့သားကိုရှိခိုးရပြီး သျှောင်တင်သျှောင်ချခအဖြစ် သတို့သားကငွေပေးရသည်။လက်ဖွဲ့ငွေများကိုသတို့သား၊ သတို့သမီးအားပေးအပ်သောအခါသတို့သမီးက ရှိခိုး၍ ယူရသည်။

မင်္ဂလာအခမ်းအနားပြီးသောအခါ သတို့သားသည် မင်္ဂလာအခမ်းအနားမှ ထွက်ခွါသွားခွင့် ရရန်အတွက် သတို့သမီးဘက်မှ သတို့သား၏လူပျိုရံများအား ငွေပေး ရသည်။ထို့နောက် သတို့သားသည် မိတ်ဆွေသူငယ်ချင်း များအား ကျွေးမွေးဧည့်ခံရန် မိမိအိမ်သို့ပြန်ရသည်။ သို့ရာတွင်အိမ်ပေါ်မတက်ရဘဲ မဏ္ဍပ်ထဲတွင်သာနေရ သည်။မိဘအိမ်သို့ မဝင်ရဟူသော စည်းကမ်းချက်မှာ မလိုက်နာလျှင်မဖြစ်သော စည်းကမ်းတစ်ခု ဖြစ်သည်။ ဧည့်ခံပွဲပြီး၍ ညပိုင်းတွင်သတို့သားအား မိတ်ဆွေ သူငယ်ချင်းများက သတို့သမီးအိမ်သို့လိုက်ပို့ကြသည်။ သတို့သား၏ မိတ်ဆွေသူငယ်ချင်းများက သတို့သမီး မိဘများထံ သတိုးသားကိုအပ်၍ ပြန်သွားကြသည်။ မင်္ဂလာဆောင်ပြီး သုံးရက် (သို့မဟုတ်) ငါးရက် (သို့မဟုတ်) ခုနစ်ရက်အကြာတွင်အိမ်ပြန်လည် သွားလေ့

ရှိသည်။လူကြီးမိဘ၊ဆွေမျိုးသားချင်းများအား ကန်တော့သည့်နေ့ ဟုသတ်မှတ်သည်။

ယခုအခါတွင် ထိုကဲ့သို့ရိုးရာမင်္ဂလာ အခမ်းအနားများကိုကျင်းပပြုလုပ်မှု နည်းပါးသွားသည်ဟုဆိုနိုင်ပေသည်။ သို့ဖြစ်ပါ၍ ရခိုင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုကို တိမ်ကောပပျောက် မသွားစေဘဲနောက်လာနောင်သားတို့၏ လက်ဆင့်ကမ်းအမွေအနှစ်တစ်ရပ်အဖြစ် အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် အလို့ငှာတိုက်တွန်းရေးသားဖော်ပြလိုခြင်းဖြစ်ပါသည်။

# သက်တိုင်းရင်းသားတို့၏ ခေါင်းပေါင်းတင်မင်္ဂလာဓလေ့

ရခိုင်ပြည်နယ်မြောက်ဖျားမှ သက်လူမျိုးတို့သည် မိမိကိုယ်မိမိအဆက်ခ်(ASAK)၊ ဆက်ခ်(SAK)လူမျိုးဟုခေါ်သည်။အဆက်ခ်၊ဆက်ခ်မှ သက်ဟု ပြောင်းလဲခဲ့ခြင်းဖြစ်သည်။မိမိကိုယ်ကိုချစ်မြတ်နိုးသူဟုအဓိပ္ပါယ်ရသည်။အချို့ သမိုင်းပညာရှင်များက သက်သည် သကျမှ ရွေ့လျောလာသောစကားဖြစ်သည်ဟုယူဆကြ၏။

ရခိုင်သမိုင်းပညာရှင်များတို့လည်း သက်လူမျိုးတို့သည်သကျလူမျိုးတို့မှ ဆင်းသက်လာသူဖြစ်ကြောင်း "သကျဝတ" တတ်နိုင်လေစွတကားဟု ချီးမွမ်းပြောဆိုသောစကားကိုစွဲ၍ ရှေးအခါက သကျလူမျိုးဟုခေါ်တွင်ခဲ့ကြကြောင်း၊ သကျလူမျိုးတို့မှာ မွန်ဂိုလွိုက်အနွယ်တို့ပင်ဖြစ်ကြောင်း၊ မွန်ဂိုလွိုက်တို့သည် ရခိုင်သို့ဝင်ရောက်လာသည့် ရှေးဦးလူများဖြစ်ကြောင်း သကျမှ သက်ဟု အသံပြောင်းလဲခေါ်တွင်ခဲ့ခြင်းသာ ဖြစ်သည်ဟု ဆိုပါသည်။

ရခိုင်ဒေသတွင် ယနေ့တိုင်မောင်တောမြို့နယ် ဝေလာတောင်၊ အင်တူလာ၊ ဘော်တူလာ၊ ခမောင်းဆိပ်၊ တိုက်ချောင်း၊ တမန်းသား၊ သက်ကညာ၊ မောင်တောမြို့မှ

ခြောက်ရပ်ကွက်၊ လေးမိုင်ဇော်၊ အင်းဒင်ရွာ၊ ဘူးသီး တောင်မြို့နယ် ဂုပ္ပိ၊ ပြလွန်တပ်သက်ရွာ၊ ရသေ့တောင် မြို့နယ် အောက်ဆိပ်၊ရွက်မြင်ချောင်းဝ၊တောင်ရင်းတန်း၊ မြောက်ဦးမြို့နယ်အောင်မင်္ဂလာမြို့သစ်၊လက်ကောက်ဈေး၊ ဆန်ချဆိပ်၊စစ်တွေမြို့နယ်၊မင်းတစ်ရာချိန်တို့တွင် ပျံ့နှံ့နေ ထိုင်လျက်ရှိကြသည်။

သက်တို့သည် တိဘက်-မြန်မာအုပ်စုဝင်ဖြစ်သည်။ ပါမောက္ခလုစ်၏အဆိုအရ သက်လူမျိုးတို့သည် မြန်မာ ပြည်တွင်တွေ့ရှိရသည့် တိဘက်တိုဘာမင်းစကားပြော ဆိုသော လူမျိုးစုများအနက်ရှေးအကျဆုံးသော လူမျိုးစု တစ်စုဖြစ်သည်ဟုဆိုပေသည်။ သက်တို့သည် မြန်မာ နိုင်ငံမြောက်ဘက်မှဝင်ရောက်လာရာ မဏိပူရ၊ ကဘော် ချိုင့်ဝှမ်း၊ဟူကောင်းတို့တွင်မူလအခြေချနေထိုင်ကြသည်။ မဏိပူရမှအရှေ့ဘက်ဧရာဝတီမြစ်အထိပျံ့နှံ့ခဲ့သည်။ပုဂံမြို့ ထိအောင်ကျယ်ပြန့်လာခဲ့ဟန်တူပါသည်။ကသာခရိုင်၊ဧရာ ဝတီမြစ် အရှေ့ဘက်ကမ်းတွင် တည်ရှိခဲ့သော မြန်မာ နိုင်ငံ၏ ရှေးအကျဆုံးသော မြို့ပြနိုင်ငံတစ်ခုဖြစ်သည့် တကောင်းမြို့မှ တိဘက်-မြန်မာစကား အနွယ်ဝင် သက်တို့၏ မြို့တော်ဖြစ်သည်ဟုဆိုပါသည်။

သမိုင်းသုတေသီဦးရည်စိန်က မြန်မာနိုင်ငံရှိတိုင်းရင်းသားဘာသာစကားများ ခွဲခြားတင်ပြမှုစာတမ်းတွင် တိဘက်-မြန်မာအနွယ်အဖြစ်ဖော်ပြထားပါသည်။အဆိုပါ သက်မျိုးနွယ်စုတွင် ကတူး၊ကနန်း၊သက်စသောတိုင်းရင်းသားတို့မှာ မျိုးနွယ်တူများပင် ဖြစ်ကြသည်။ယနေ့တိုင် မူးမြစ်ဝှမ်းဒေသနှင့်တကောင်း ဒေသတို့တွင် တွေ့ရသော ကတူး၊ ကနန်း တို့မှာလည်း မိမိကိုယ်မိမိ အဆက်ခ်ဟု ခေါ်ကြရာရခိုင်ဒေသရှိ သက်လူမျိုးတို့မှာလည်း ဖေါ်ပြပါဒေသတွင်ကြီးစိုးနေထိုင်ခဲ့သောသက်၊ကတူး၊ကနန်းတို့နှင့် မျိုးနွယ်တူ(သို့မဟုတ်) ၎င်းတို့မှ ဆင်းသက်လာသူများဖြစ်ကြသည်ဟုရေးသားထားပါသည်။

သက်လူမျိုးတို့တွင်အမျိုးသမီးများကဲ့သို့အမျိုးသားများလည်း ငွေနားကွင်းပန်ဆင်လေ့ရှိခဲ့ကြသည်။ ထူးခြားသည်မှာအမျိုးသမီးများနားကိုဖေါက်၍ပန်ဆင်ထားသည့် နှစ်လက်မခန့်အထိချဲ့ထားသော နားကွင်းကြီးပင်ဖြစ်ပေသည်။ဤသို့ငွေနားကွင်းကြီးများပန်ဆင်သည့်ဓလေ့ကို ပလက်ဝဒေသရှိ ခမီတိုင်းရင်းသူကြီးများ အမြဲတ်တနိုးပန်ဆင်နေသေးကြောင်းတွေ့ရသည်။ဤသို့ သိသာထင်ရှားသော နားကွင်းကြီးများကို ရှေးနှစ်ပေါင်းများစွာကပင် ဆင်ယင်ခဲ့ကြသည်။တရုတ်မှတ်တမ်းများတွင် ယူနန်ပြည်နယ်

၏ အနောက်ဘက်တွင် နားဖေါက်မျိုးနွယ်စုများသည် အေဒီတစ်ရာစုကပင်အခြေချနေထိုင်ကြကြောင်းနှင့်နားကြီး နိုင်ငံသည် ဟူးကောင်းတောင်ကြားနှင့်ဥရုချောင်းဖျား ဒေသဖြစ်ကြောင်း ဖော်ပြထားပေသည်။

အေဒီ၉ရာစုရောက်သည့်အခါ သက်တို့သည် ဟူး ကောင်းတောင်ကြား၌ ဥရုချောင်းဖျားသို့ရောက်ရှိခဲ့ပြီး ဖြစ်သည်။ဤသို့ရောက်ရှိခဲ့ရခြင်းမှာကော်လော်မင့်၏ စစ်ဆင်မှုကြောင့် အနောက်ဘက်သို့တိမ်းရှောင်ခဲ့မှုကြောင့် ဖြစ်သည်ဆို၏။ထိုမှတစ်ဖန် ကျောက်ဆည်၊ ပုဂံဒေသသို့ ရွှေ့ပြောင်းခဲ့ကြသည်။မြန်မာနိုင်ငံအလယ်ပိုင်း ကျောက်ဆည်ဒေသသို့ မြန်မာများအခြေချဝင်ရောက် လာသောအခါ အဆိုပါဒေသတွင် သက်လူမျိုးတို့ရောက်ရှိ နေပြီ ဖြစ်သည်ဆို၏။

ဤသက်လူမျိုးတို့မူရင်းနေထိုင်ရာ မြောက်ပိုင်း တခွင်မှပုဂံ၊ ကျောက်ဆည်၊ သရက်ဒေသများသို့ရောက် ရှိခဲ့မှုနှင့်ပတ်သက်၍ဗိုလ်မှူးဘရှင်ကသက်လူမျိုးတို့သည် မြန်မာနိုင်ငံမြောက်ပိုင်း အထက်ချင်းတွင်းဒေသတစ်ဝိုက် တွင် အခြေချနေထိုင်ခဲ့ကြရာနောက်ပိုင်းဝင်ရောက်လာကြ သော ချင်းလူမျိုးနှင့်နာဂလူမျိုးများဝင်ရောက် အခြေချရာမှ

သက်လူမျိုးတို့ထပ်မံ၍ကွဲထွက်ကာ တောက်ဘက်အရပ်သို့တစ်ဆင့်တိုး၍ ရွှေ့လျားခဲ့ဟန်ရှိသည်ဟု ဖေါ်ပြထားပါသည်။ ရခိုင်ဒေသသက်တို့၏အခန်းကဏ္ဍမှာ မှေးမှိန်ပျောက်ကွယ်သွားခြင်းမရှိဘဲ ယနေ့တိုင်အထင်အရှားတွေ့ရသည်။သုတေသီဘားနောက ၁၉၃၁ ခုနှစ်သန်းခေါင်စာရင်းအရ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်သက်ဘာသာစကားပြောဆိုသူ သက်လူမျိုး ၆၉၁ ဦးသာတွေ့ရသည်ဟုဖေါ်ပြထားပေသည်။ ၁၉၈၂ခုနှစ်တွင်ဆရာထွန်းရွှေခိုင်ရေးသားသည့်စာအုပ်တွင် ရခိုင်ဒေသ၌သက်လူမျိုး ၁၆၀၂ ဦးရှိသည်ဟုဖော်ပြထားသည်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအထိ ရခိုင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေး(လဝက)မှ တောင်းယူရရှိထားသည့်စာရင်းတွင် သက်လူမျိုး ၂၈၀၀ ရှိသည်ဟုဖေါ်ပြထားပါသည်။

သက်ရွာတိုင်းလိုလို သက်ဘာသာ စကားကိုရှေးမူမပျက်ပြောဆိုနေကြသော်လည်းၜင်းတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ဝတ်စားဆင်ယင်မှုများအားထိန်းသိမ်းစောင့်ရှောက်နိုင်မှုနည်းပါးနေပေသည်။ နောင်တွင်ရိုးရာဘာသာစကား ပျောက်ကွယ်သွားမည်ကို စိုးရိမ်ဖွယ်ရာအခြေအနေတွင်ရှိနေသည်။





သက်တို့၏ရိုးရာဝတ်စားဆင်ယင်မှုတွင်ခေါင်းပေါင်းတင်မင်္ဂလာဓလေ့မှာ ရိုးရာယဉ်ကျေးမှုလက္ခဏာတစ်ရပ်အဖြစ် ယနေ့တိုင်ပီပြင်စွာ ဖော်ဆောင်နေပါသည်။ သက်အမျိုးသားတို့သည် ယခုအခါရိုးရိုးလုံချည်အဖြူဆင်အကွက်နှင့်အင်္ကျီလည်ကတုံးဝတ်ဆင်ပြီး အပြင်ဖုံးတိုက်ပုံအနက်တွင် ရှေ့လည်ပင်းအောက်နှင့်လက်အဖျားတွင် အဖြူပန်းရောင်၊အစင်းနှစ်ခုပါသည့် တိုက်ပုံကိုဝတ်ဆင်ကြသည်။ ရှေးယခင်က မိမိတို့မူရင်းဒေသတွင်နေထိုင်ခဲ့စဉ် ရိုးရာဝတ်စားဆင်ယင်မှုတွင် စလွယ်သိုင်းကို ဆင်ယင်ခဲ့ကြသည်ဟုဆို၏။ထိုဒေသတွင်သက်လူမျိုးတို့ကိုလိုက်လံသတ်ဖြတ်သည့်ရန်ကြောင့်စလွယ်အစား မိမိတို့ရိုးရာလည်းမပျက်ရအောင်ဘေးရန်မှလည်း လွတ်ကင်းအောင်ရည်ရွယ်၍ စလွယ်မှ ခါးကြိုးသို့ ပြောင်းလဲဆင်ယင်ခဲ့ကြသည်။ ယခုအခါ ရှေးရိုးရာဝတ်စားဆင်ယင်မှုမှာ ပျောက်ကွယ်သွားခဲ့ပေသည်။ ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသည့် ခေါင်းပေါင်းတင်မင်္ဂလာဆင်ယင်ထုံးဖွဲ့မှုဓလေ့မှာ သက်တို့၏ ရိုးရာယဉ်ကျေးမှု တစ်ရပ်အနေဖြင့်ရှိနေသေးသည့်ထူးခြားသော ဆင်ယင်ထုံးဖွဲ့မှုတစ်ခုဖြစ်သည်။သက်လူပျိုလူရွယ်တိုင်း ဆင်ယင်ကြရသည့် ခေါင်းပေါင်းဖြူ ဖြစ်သည်။သက်တို့က ခေါင်းပေါင်းဖြူကို “အပေါင်း” ဟုခေါ်သည်။





D/mai than myint

ထို့အတူ သက်အမျိုးသမီးတို့သည်လည်း ဦးခေါင်းပေါ်တွင် "ရက်ကန်းပေါင်း" အဝတ်ခေါင်းပေါင်းပေါင်းကြသည်။ အမျိုးသမီးဦးခေါင်းရိုက်ပတ်ရုံ သုံးပေခန့်ရှိသောစတုရန်းပုံ အဝတ်အစားကိုထောင့်ဖြတ် ခေါက်ကာနားထင်တစ်လျှောက် ရစ်ပတ်ထားခြင်းဖြစ်သည်။ ခေါင်းပေါင်း၏ထိပ်ပိုင်းတွင် အနည်းငယ်ပေါ်နေသည်။ ခေါင်းပေါင်းမှာ အနက်ရောင်ဖြစ်သည်။

ဤသို့ခေါင်းပေါင်းပေါင်းခြင်းကို သက်မောင်မယ်တို့ (၁၅)နှစ်၊ (၁၆)နှစ်အရွယ်လူပျို၊ အပျိုဖော်ဝင်စတွင် လူပျိုခေါင်း၊ အပျိုခေါင်းတို့က မင်္ဂလာအခမ်းအနားဖြင့် ပေါင်းပေးကြသည့်ဓလေ့ဖြစ်သည်။ သက်သမီးပျိုတို့မှာမူ အပျိုဖော်ဝင်သည်မှစ၍ ခေါင်းပေါင်းကိုအမြဲပေါင်းထားလေ့ရှိသည်။

သက်လူမျိုးတို့အဖို့ အရွယ်ရောက်ခြင်း၊ လူပျို၊ အပျိုဖော်ဝင်ခြင်းသည် မင်္ဂလာတစ်ပါးဟုယူဆကြသည်။ လူ့လောကအလယ်တွင် တစ်အိုးတစ်အိမ်ထူထောင်နိုင်ခြင်း၊ မိမိဝမ်းကို မိမိကျောင်းနိုင်သောဘဝသို့ ကူးပြောင်းဝင်ရောက်ချိန် ရောက်ရှိခြင်းတို့အတွက် ဂုဏ်ယူချီးမြောက်လေ့ရှိသည်။ အားသစ်မွေးခြင်းဟုလည်းခေါ်၏။ သက်အမျိုးသားတို့အရွယ်ရောက်ပြီး လူပျိုဖော်ဝင်စတွင်

ခေါင်းပေါင်းတင် မင်္ဂလာပွဲကို ကျင်းပလေ့ ရှိကြသည်။ ခေါင်းပေါင်းတင် မင်္ဂလာအခမ်းအနားသည် လူပျိုစာရင်း သွင်းသည့်ပွဲ၊ လူပျိုအဖြစ် တရားဝင်သတ်မှတ်ပေးသည့် ပွဲပင်ဖြစ်သည်။

ခေါင်းပေါင်တင်မင်္ဂလာ အခမ်းအနားပြုလုပ်ရန် အတွက် သက်ဆိုင်သူသည်မိဘများ၏ သဘောတူခွင့်ပြု ချက်ဖြင့် ကာလသားများထံ ဆက်သွယ်တင်ပြရသည်။ ထို့နောက် ကာလသားခေါင်းသည် ရွာရှိလူပျိုကာလသား များနှင့်တိုင်ပင်ကာ အခမ်းအနားရက်သတ်မှတ်ရသည်။ လူကြီးလူငယ်အားလုံးကို ဖိတ်ကြားရသည်။ သတ်မှတ် ရက်သို့ ရောက်သောအခါ ကြွရောက်လာသောဧည့် ပရိသတ်များအား ကြက်သား၊ ဝက်သား၊ တစ်မျိုးမျိုးဖြင့် ချက်ပြုတ်ဧည့်ခံကျွေးမွေးရန် အဆင်သင့်စီစဉ်ထားရ သည်။

ခေါင်းပေါင်းမှာ အရှည်ကိုးတောင်ရှိ၍ အနံတစ် တောင်ခန့်ရှိသောအဖြူရောင်ပိတ်စဖြစ်သည်။၎င်း ခေါင်း ပေါင်းကို လူပျိုခေါင်းလုပ်သူက လူသစ်လူပျိုအား ခေါင်းပေါင်း ပေါင်းပေးရသည်။ ခေါင်းပေါင်းစွန်ကို ဘယ်ဘက်တွင် ချထားရသည်။ ထို့နောက်လူပျိုခေါင်းက မောင်......သည် လူပျိုဖြစ်သည်၊ယောကျာ်းကောင်း

တစ်ယောက်အဖြစ်သို့ရောက်ရှိနေပြီဟူ၍ ကြေညာပေးရသည်။ကြွရောက်လာသောပရိသတ်အပေါင်းတို့ကလက်ခုပ်သြဘာတီး၍ကောင်းချီးပေးကြရသည်။ ခေါင်းပေါင်းတင်မင်္ဂလာပြီးမြောက်သောအခါ ဧည့်ခံကျွေးမွေးကြသည်။ ဤသို့ဖြင့်ခေါင်းပေါင်းတင်မင်္ဂလာပွဲကို ဆင်နွှဲကြရသည်။

ဤခေါင်းပေါင်းတင်မင်္ဂလာပွဲကို "အပေါင်းပေါင်းဟော့" ဟု ခေါ်သည်။ ဤမင်္ဂလာပွဲကို အလေးအနက်ထားပြုလုပ်ကြသည်။အရွယ်ရောက်ပြီး ခေါင်းပေါင်းတင်မင်္ဂလာမပြုလုပ်ရသေးသူများအားအလှူမင်္ဂလာပွဲ၊ထိမ်းမြားမင်္ဂလာပွဲတို့တွင်ဝင်ရောက်လုပ်ကိုင်ခွင့်မပြုရချေ။ ခေါင်းပေါင်းတင်မင်္ဂလာပြုပြီး ခေါင်းပေါင်းတင်ခွင့်ရရှိသွားပါက အလှူအတန်းပွဲများတွင် ခေါင်းပေါင်းဖြူ တထောင်ထောင်နှင့်ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိကြလေသည်။ သက်လူမျိုးတို့၏အလှူမင်္ဂလာပွဲ၊ရာသီပွဲတို့တွင် စားရေးသောက်ရေးအတွက် စီမံခန့်ခွဲမှုကိုရွာ၏ အပျို၊လူပျိုများကသာ အစအဆုံး ဦးဆောင်ဦးရွက် ဆောင်ရွက်ပေးရသည်။ ခေါင်းပေါင်းတင် မင်္ဂလာပွဲ မဆင်နွှဲရသူသည် ဤသို့သော ပွဲမျိုးတွင်ပါဝင်ဆောင်ရွက်ခွင့်မရရှိဘဲ လူရာမဝင် ဖြစ်နေတတ်သည်။ ထို့ကြောင့် ဤခေါင်းပေါင်းတင်မင်္ဂလာသည် သက်လူမှုရေးအဖွဲ့အစည်း၏ စည်းနှောင်အားကောင်းသော

ခလေ့တစ်ခုဟု ဆိုနိုင်ပါသည်။ယနေ့တိုင် ယဉ်ကျေးမှု လက္ခဏာတစ်ရပ်အနေဖြင့်ရိုးရာမပျက် ထိန်းသိမ်းထား ရှိသည့်ခလေ့ တစ်ခုဖြစ်ကြောင်းသိရှိရပါသည်။

## စပါးရိတ်သိမ်းချိန် ခနရိုးရာဓလေ့

မြန်မာနိုင်ငံအတွင်းရှိ ရှမ်းပြည်နယ်တောင်ပိုင်း တစ်ခွင်တွင်ယာစပါးများကိုနယုန်လ(ဇွန်၊ဇူလိုင်)မှ စတင်စိုက်ပျိုးကြပြီးမိုးအကုန်ဆောင်းအကူး တန်ဆောင်မုန်းလ(နိုဝင်ဘာ၊ဒီဇင်ဘာ)ဆောင်းခိုစ အချိန်ကိုရောက်ရှိလာသည်နှင့်အညီ သင်ဖြူးခင်းသည့်ပမာ ဝင်းမှည့်နေပြီဖြစ်သော ရွှေဝါရောင်စပါးခင်းများကို စတင်ရိတ်သိမ်းကြသည်။လယ်စပါးများကိုဖြင့်မိုးရွာသွန်းမှု အခြေအနေပေါ်မူတည်ပြီး စိုက်ပျိုးကြသည်။သို့သော်လယ်စပါးများကိုလည်း ဒီဇင်ဘာလနောက်ဆုံးထားရိတ်သိမ်းကြသည်။ ထိုသို့ စပါးများရိတ်သိမ်းရာတွင်တိုင်းရင်းသားတို့၏ရိုးရာဓလေ့အလျောက် တစ်နေရာနှင့်တစ်နေရာမတူညီနိုင်ပေ။ မိမိတို့၏ရိုးရာအတိုင်းစိုက်ပျိုးခြင်း၊ရိတ်သိမ်းခြင်းများတွင်ညှော်ခံကျွေးမွေးခြင်းနှင့်အခြားသောလုပ်ဆောင်ခြင်းများတွင် ရိုးရာအတိုင်းပြုလုပ်ကြသည်များရှိသည်။တိုင်းရင်းသားများထဲတွင်ခနတိုင်းရင်းသားတို့၏တောင်ယာလုပ်ငန်းသည်လည်း ခနရိုးရာအတိုင်းသာ ပြုလုပ်ကြသည်။ခနတိုင်းရင်းသားအများစုနေထိုင်ရာ ရှမ်းပြည်နယ်တောင်ပိုင်းကလော၊ရပ်စောက်၊ပင်းတယနှင့်ရွာငံဒေသများတွင်ဆောင်း

ရာသီအစ နိုဝင်ဘာဒုတိယရက်သတ္တပတ်မှ ဒီဇင်ဘာလ အထိ လယ်ယာစပါးများကိုရိတ်သိမ်းကြသည်။ထိုသို့ လယ်ယာစပါးများ ရိတ်သိမ်းရာတွင် ဓနုတိုင်းရင်းသားတို့၏ဓလေ့ရိုးရာများရှိပေသည်။လယ်ယာများကို အိမ်များတွင် ရိတ်သိမ်းပြီးစပါးများကိုအိမ်များတွင်သိမ်းဆည်းသိုလှောင်နိုင်ရန် စပါးရိတ်ချိန်တွင် စိုက်ပျိုးထားသော လယ်ဧကအနေအထားပေါ်မူတည်၍ တစ်နေ့အတွင်းအပြီးရိတ်သိမ်းနိုင်အောင်လူအင်အားများစွာဖြင့်ရိတ်သိမ်းကြသည်။တစ်နေ့တာအတွင်းအပြီးရိတ်နိုင်ခြင်း မရှိခဲ့လျှင်လည်းနောက်ရက်တွင်ရိတ်သိမ်းနိုင်သည်။ထိုသို့တစ်နေ့အတွင်း အပြီးရိတ်ကြခြင်းမှာ တစ်နေ့အတွင်းအပြီးရိတ်သိမ်းသည် ဖြစ်သဖြင့်စပါးများနေလှန်းချိန်ညီမျှသဖြင့် ယာပုတ်ချိန်၊လယ်ပုတ်ချိန်များတွင်အခြောက်ညီနိုင်ရန်အတွက်သာဖြစ်သည်။ စပါးရိတ်သည့်နေ့တွင်မိမိ ထမင်းထုပ်ဖြင့်သာလာရောက်ကြရသည်။ထိုသို့စပါးရိတ်ပြီး နှစ်ရက်သုံးရက်မျှနေလှမ်းကြပြီးမှစပါးပုတ်ခြင်းဖြစ်သည်။စပါးပုတ်ရာတွင် စိုက်ဧက ပေါ်မူတည်၍ လူအများဖြင့်စုပေါင်းသိမ်းကြသည်။ စပါးပုတ်တော့မည်ဆိုလျှင် ပုန်းမကြည်စောင့်သောနတ်ကို ဆွမ်းဦးတင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ရသည်။ပုန်းမကြည်စောင့်နတ်ကို ဓနုဒေသတွင် ဘုန်းသူ

ကြွယ်၊ပုန်းသူကြွယ်၊ဘုန်းကြွယ်ဟုလည်းခေါ်ကြသည်။ထို ပုန်းမကြည်စောင့်နတ်အားဆွမ်းဦးတင်ခြင်း၊ကောက်ဆုပ် သယ်သူများက ပုန်းမကြည်ကို ပင့်ဖိတ်ခြင်းအားဖြင့်စပါး အလေအလွင့်နည်းခြင်း၊စပါးအထွက်တိုးခြင်းအချိန်တိုတို နှင့်ပြီးလွယ်ခြင်း၊စပါးများစားရသည်မှာ အနှစ်သာရရှိခြင်း နှင့်စပါးများကိုအိမ်များတွင်သိမ်းဆည်းသိုလှောင်ထားရာ တွင် တာရှည်စွာခံနိုင်ခြင်းဟူသည့် အယူအဆများဖြင့် ပင့်ဖိတ်ပြီး ဆွမ်းဦးတင်ကြသည်။

ထိုသို့ဆွမ်းဦးတင်ရာတွင် နံနက်ခင်းအချိန်က အိမ် တွင်မည်သူမျှမစားသေးသောဆွမ်းဦးကိုခူးပြီး ငှက်ပျော ရွက်တွင် တစ်ထုပ်ထုပ်ရသည်။ပြီးလျှင်ပဲပုပ် စစ်စစ်ဖြင့် ပြုလုပ်ထားသောပဲပုပ်ကိုတစ်ထုပ်ထုပ်ရသည်။ ပဲပုပ်ဆက်များကို သင့်တော်သလို ထည့်နိုင်ပါသည်။ ထိုထမင်းထုပ်နှင့်ပဲပုပ်ထုပ်ကို ပူးတွဲချည်နှောင်ထားရ မည်။ဧည့်ခံကျွေးမွေးခြင်းအတွက်လည်းကြိုတင် ပြင်ဆင် ရသည်။ထိုသို့လယ်ပုတ်၊ယာပုတ်ရာနေရာတွင် ကျွေးမွေး ရန် အတွက် ဓနုဒေသထွက် အစားအစာများဖြစ်သော လက်ဖက်သုပ်၊ကန်စွန်းဥပြုတ်၊ဟင်းထုပ်၊မုန့်လက်ကောက်၊ မုန့်လက်ကွင်း၊ပင်စိမ်းသီးထောင်း၊တိုဟူးသုပ်၊မုန့်ဖတ်သုပ်၊ ကင်ပေါင်းကြော်များ၊ပဲကြော်များ၊ဆီထမင်း၊ထမင်းကြော်

စသည်ဖြင့်စုံလင်စွာသောစားစရာများဖြင့် ဧည့်ခံကျွေးမွေးနိုင်ရန်အတွက်ပြင်ဆင်ရသည်။ထိုသို့ပြင်ဆင်ပြီးသည့်စားစရာများကို ထမင်းထုပ်နှင့်ပဲပုပ်ထုပ်ပူးတွဲထုပ်ထားသည် ကို ပုတ်တောင်း (ဒေသအခေါ် ခွဲတောင်း သို့မဟုတ် ဆယ်ပြည်ဆံ့သောတောင်း)ထဲတွင် ထည့်ထားရသည်။ ထိုသို့ထည့်ထားသော ခွဲတောင်းကိုလယ်ပုတ် ယာပုတ်ရာသို့ယူဆောင်သွားရမည်။ထိုသို့ စားစရာမျိုးစုံနှင့်ပူးတွဲချည်ထားသော ထမင်းထုပ်၊ပဲပုပ်ထုပ်များပါသည့် ခွဲတောင်းပေါ်တွင် မပုတ်ရသေးသောကောက်ဆုပ်ခုနစ်ဆုပ်ကိုတင်ပြီးလယ်ကွင်း၊ယာကွင်းထဲတွင်ရော ယာပုတ်၊ လယ်ပုတ်သည့်နေရာများမှာပါ "ဘုန်းသူကြွယ်မစောပြည့်ဝ စားလေ့ကြ၊သောက်လေ့ကြ၊အန်လေ့ကြ၊ချေးယိုလေ့ကြ၊သေးယိုလေ့ကြ၊စပါးများများရပါစေ၊အလေအလွင့်နည်းပါစေ"ဟုအော်ကာစပါးပုတ်သည့် နေရာ၏တစ်နေရာရာတွင် နတ်တင်သကဲ့သို့တင်ထားရသည်။

ထို့နောက်စပါးပုတ်သမားများ ကောက်ဆုပ်သမားများအနားယူချိန်ရောက်လျှင်လည်း နှုတ်မှထိုသို့ရွတ်ဆိုပြီး စပါးပုံအနီးတွင်လှည့်လည်အော်ဆိုပြီးမှ တောင်းထဲတွင်ပါလာသောပူးတွဲထုပ်ထားသည့် ထမင်းထုပ်နှင့်ပဲပုပ်ထုပ်ကိုစပါးပုံထဲတွင်မြှုပ်နှံခဲ့ပြီးစပါးပုတ်သူ၊ကောက်ဆုပ်

သယ်သူအားလုံးကတောင်းထဲတွင် ကျန်ရှိနေသောစားစရာများကို ဝိုင်းဖွဲ့စားသောက်ကြခြင်းဖြစ်သည်။ထို့နောက် စပါးပုတ်ရာတွင်နောက်ဆုံးသော ကောက်ဆုပ် သယ်ယူသူသည်ပုန်းမကြည် သို့မဟုတ် ဘုန်းသူကြွယ် သို့မဟုတ် ဘုန်းကြွယ်များကို "ဘုန်းသူ ကြွယ်မစော ပြည့်ဝကို စားစေဖို့၊သောက်စေဖို့၊အန်စေဖို့ခေါ်ခဲ့ပါ" ဟုစပါးပုတ်သူများကမှာကြားရသည်။ထိုသို့မှာကြားလာသည်နှင့် မိမိက နောက်ဆုံး ကောက်ဆုပ်သယ်ယူသူ ဖြစ်ခဲ့မည်ဆိုလျှင် ကောက်ဆုပ်များကိုသယ်ယူရင်းဖြင့်"ဟေး ဘုန်းသူကြွယ်မစောပြည့်ဝ လာစားလေ့ကြ၊လာသောက်လေ့ကြ၊လာအန်လေ့ကြ"ဟုခေါ်ဆိုပေးရမည်ဖြစ်သည်။စပါးပုတ်ပြီး လှေ့ပြီးသည်နှင့်စပါးများကို အိမ်သို့သယ်ဆောင်ရန်အိတ်တွင် ထည့်ကြသည့်အခါ ထမင်းထုပ်နှင့်ပဲပုပ်ထုပ်များကိုလည်း စပါးများနှင့်အတူအိတ်ထဲသို့ထည့် ရသည်။အိမ်သို့ရောက်သည်နှင့်စပါးများကို အိတ်ထဲတွင်ဖြစ်စေ၊စပါးကျီများထဲတွင်ဖြစ်စေ၊နှစ်ရှည်ခံနိုင်သည့်နည်းဖြင့် အမျိုးမျိုးသိုလှောင်သိမ်းဆည်းထားကြသည်။

စပါးများကိုပုတ်ရာတွင် ခင်းထားသော မိုးကာပေါ်တွင် ပုတ်ခုံများကိုတင်ပြီး ဝိုင်းဖွဲ့ပုတ်ကြသည်။ရှေးယခင်က စပါးများပုတ်ပြီးသည်နှင့်ပုတ်ရပ်များဖြင့် စပါးလှေ့

ကြသော်လည်း ယနေ့ခေတ်၌ စပါးလှေ့ရာတွင်အများ အားဖြင့်ပေါင်းရှင်းစက်(တောရန်းစက်)များတွင် ပန်ကာ ကြီးများကိုတပ်ဆင်ကာ စပါးပုံအပေါ်မှဝဲ၍ စပါးလှေ့ကြ သည်။ယနေ့ခေတ်မီတိုးတက်နေသော လက်မှုလယ်ယာ ခေတ်ဟုဆိုနိုင်သော်လည်း ဓနုဒေသစပါးရိတ် သိမ်းရာ တွင် စပါးရိတ်သိမ်းစက်များကို အသုံးချမှုမရှိသလောက် နည်းပါးနေသည်။သို့သော်ရှေးရိုးရာအစဉ်ဓလေ့များသည် ချစ်စရာကောင်းသောဓလေ့များဖြစ်သည်ကို ဆက်လက် သက်သေပြလျက်ရှိသည်။

စပါးပုတ်ခြင်းပြီးဆုံးပါက ညနေစာကို အိမ်တွင် တည်ခင်းဧည့်ခံကျွေးမွေးခြင်းများ ပြုလုပ်ကြသည်။စပါး ပုတ်ရာတွင် ပါဝင်သူများသာမက ရွာလုံးကျွတ်မည် သူမဆို လူကြီးလူငယ်မရွေးလာရောက် စားသောက်နိုင် သည်။လာရောက်စားသောက်ရာတွင်အသားငါးဟင်းများ ကို တစ်မျိုး၊ နှစ်မျိုးမျှကျွေးမွေးပြီး အခြားသောဟင်းများ ကို ဒေသထွက်အသီးအနှံများဖြင့် ဟင်းဖက်လိုက်အောင် ချက်ပြုတ်ကျွေးမွေးကြသည်။အများအားဖြင့် ကျွေးလေ့ရှိ ကြသည့်ဟင်းများမှာပဲလုံးဆေးခါးဟင်းနှင့်၊ဂျူးမြစ်ကြော် ၊ရွှေဖရုံသီးဟင်းနှင့်ပဲပုပ်ထောင်း၊ ဘူးသီးဟင်းချိုချက်ပြီး ကင်ပေါင်းကြော်ပေးခြင်း၊အခြားသောပဲအမျိုးမျိုးမှ တစ်

မျိုးမျိုးကို ဟင်းရည်ချက်ပြီး လိုက်ဖက်သောဟင်းဖြင့်တွဲ ချက်ကာ ဂေါ်ဖီထုပ်သုပ်၊ မုန့်ကြွပ်၊ ငရုပ်သီးအစိမ်းကြော်၊ ငရုတ်သီးအမှည့်ကြော်များဖြင့် ယှဉ်တွဲပြီး ကျွေးမွေးလေ့ ရှိသည်။ထမင်းများကို အားပါးတရချက်ထားပြီးလာရောက် သူမှန်သမျှ အားရပါးရလွေးကြဖို့ အိမ်ရှင်ကတိုက်တွန်း လေ့ရှိသည်။အသက်တစ်ဆယ့်ရှစ်နှစ်နှင့်အထက်ယောကျာ်း လေးများအတွက် အရက်၊ဘီယာစသည်ဖြင့် မိမိတို့စိတ် ကြိုက်သောက်နိုင်အောင်အမြည်းတစ်စုံတစ်ရာဖြင့်ဧည့်ခံ ပေးကြသည်။အရက်သောက်သူများကသောက် ထမင်း စားသူများက စားကြဖြင့် စားကြသောက်ကြသည်။ ထမင်းစားပြီးသည်နှင့်ဂျင်း (ချင်း) သုပ်၊ လက်ဖက်သုပ်၊ နေကြာစေ့၊ ချိုချဉ်နှင့်မုန့်အမျိုးမျိုးတို့ဖြင့်လည်း ဧည့်ခံကြ သေးသည်။ထိုသို့ ဧည့်ခံခြင်းကိုတစ်ညလုံးအချိန်အကန့် အသတ်မရှိလာသမျှ လူအားလုံးကိုကျွေးမွေးကြသည်။ လာရောက်စားသောက်ကြသူ ဧည့်သည်များအိမ်မှပြန်မှ သာလျှင်လယ်ပုတ်၊ ယာပုတ်ခြင်းပြီးဆုံးသည်ဟုဆိုသည်။ ထိုသို့ပြုလုပ်ရာတွင် အိမ်နီးချင်းများက လာရောက် ကူသူ ကကူကြ၊စားကြသူကစားကြ၊သောက်သူကသောက်ကြဖြင့် ဓနုဒေသသို့မရောက်ဖူးသူများသည် ထိုသို့သောစပါးပုတ် သည့်နေ့ ညများတွင်“ထိုအိမ်ကဘာပွဲလုပ်နေသလဲ”

ဟုမေးလေ့ရှိသည်။ခနေဒေသ၏ တောင်ယာစပါး၊လယ်စပါး ပုတ်သည့်ညသည်အိမ်ရှင်မိသားစုအလှူကြီးပေးနေသော ည ဟုဆိုကြပေသည်။

ခနရိုးရာဓလေ့အရ မည်သည့်ပွဲကို ကျင်းပသည် ဖြစ်စေ လက်စားလျှို၊ လက်စားဆပ်စနစ်ဖြင့် ပြုလုပ်ကြ သကဲ့သို့ ထိုသို့စပါးများပုတ်ရာတွင်လည်း အခကြေးငွေ ပေးခြင်းဖြင့် ပုတ်ကြခြင်းမဟုတ်ပေ။ထိုသို့လက်စားလျှို လက်စားဆပ်စနစ်ဖြင့်သာ ဝိုင်းဝန်းလုပ်ကိုင်ကြသည်။ စပါးတစ်ခင်းပြီးမှ နောက်တစ်ခင်းပုတ်ကြသည်။ထိုသို့ ပြုလုပ်ခြင်းသည်လည်း စည်းလုံးခြင်းကို ပြသရာရောက် ပေသည်။

ထိုသို့ခနေတိုင်းရင်းသားတို့၏ ယာပုတ် ၊ လယ်ပုတ် သောဓလေ့သည်အခြားသော တိုင်းရင်းသားများနှင့်အသွင် မတူသောဓလေ့တစ်ခုဖြစ်နေသည့်အတွက်ဆက်လက်ထိန်း သိမ်းထားရန် လိုအပ်လှပေသည်။အလှူဒါနရက်ရော သော ဗုဒ္ဓဘာသာတိုင်းသည် ကိစ္စတစ်ခုပြုလုပ်သည်နှင့် ကျွေးကြ၊မွေးကြ၊လှူကြသည်မှာ ချစ်စရာဓလေ့များဖြစ် ပေသည်။ခနေဒေသ၏ တောင်ယာလုပ်ကိုင်ကြသော တောင်သူများ၏ စပါးသိမ်းချိန်သည်လည်း တစ်နေ့တစ် အိမ် မကဘဲ အလှူပေးနေသည့်အလားပင်ဖြစ်ပါသည်။

စပါးရိတ်သိမ်းပြီးချိန်တွင်ကောက်သစ်စားပွဲများကို ဓနုဒေသတခွင် ခြိမ့်ခြိမ့်သဲသဲ ကျင်းလေ့ရှိပါသည်။

D/mai than myint

## သွေးချင်းတိုင်းလိုင်ရှမ်းတို့၏ လူမှုရေးရာဓလေ့များ

တိုင်းလိုင်တိုင်းရင်းသားလူမျိုးများကို အချို့က ရှမ်းဗမာ၊ တိုင်းနိုင်း၊တိုင်းလျှမ်ဟူ၍ ခေါ်ဆိုကြသည်။ အချို့က“တိုင်း(ရှမ်း)၊လိုင်(အနီ)” ဟူ၍ အနက်အဓိပ္ပါယ်ကောက်ကာ ရှမ်းနီဟုခေါ်ဆိုကြသည်။မည်သို့ပင်ခေါ်ဝေါ်ကွဲပြားစေကာမူ အားလုံးကတိုင်းလိုင်လူမျိုးသာဖြစ်ပါသည်။တိုင်းလိုင်တိုင်းရင်းသားများသည် ရိုးသားပွင့်လင်းကြပြီးကိုယ်ပိုင်စာပေ၊ကိုယ်ပိုင်ယဉ်ကျေးမှု၊ကိုယ်ပိုင်ရိုးရာဓလေ့များဖြင့်ရပ်တည်နေထိုင်လျက်ရှိသည့် လူမျိုးဖြစ်ပါသည်။ယခုအခါတိုင်းလိုင်တိုင်းရင်းသားလူမျိုးတို့၏ လိုက်နာစောင့်ထိန်း ကျင့်သုံးလျှက်ရှိသော လူမှုရေးရာဓလေ့များအကြောင်း တင်ပြလိုပါသည်။

ရိုးရာဓလေ့ဆိုသည်မှာ ရှေးနှစ်ကာလကြာမြင့်စွာမှယနေ့ထိတိုင် လိုက်နာကျင့်သုံးနေဆဲဖြစ်သော သူတို့၏ အစဉ်အလာပြုမူချက်များကို ခေါ်ဆိုခြင်းဖြစ်ပါသည်။

လူတိုင်းတွင်အစဉ်အလာများကိုခိုင်မြဲစွာ ယုံကြည်မှု၊လိုက်နာကျင့်သုံးမှုဓလေ့ထုံးတမ်းအစဉ်အလာများ ရှိစမြဲဖြစ်ပါသည်။ထို့ကြောင့် တိုင်းလိုင်တိုင်းရင်းသားသည်လည်း မိမိတို့၏ကိုယ်ပိုင်ဟန်၊ကိုယ်ပိုင်ခံယူမှု၊ကိုယ်ပိုင်

သဘောထားမှုတို့ဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့များ လိုက်နာစောင့်ထိန်းနေဆဲ ဖြစ်ပါသည်။

တိုင်းလိုင်ရှမ်းလူမျိုးတို့သည် ဘာသာရေးကို အလွန်ရိုသေ ကိုင်းရှိုင်းသောလူမျိုးဖြစ်ပါသည်။ထို့ကြောင့် တိုင်းလိုင်တိုင်းရင်းသားတို့၏ရိုးရာဓလေ့များသည် ဘာသာရေးနှင့်ဆက်နွှယ်သော ဓလေ့များပို၍များပါသည်။ထို့ပြင် ဘာသာရေးမဖက်သောလူမှုရေးဓလေ့များလည်းထွန်းကားကျန်ရှိနေသည်ကို တွေ့မြင်နိုင်ပါသေးသည်။

တိုင်းလိုင်လူမျိုးများနေထိုင်သည့် ကျေးရွာတိုင်းတွင် အပျိုလူပျိုအဖွဲ့ရှိပါသည်။တိုင်းလိုင်လူမျိုးတို့၏အပျို လူပျိုအဖွဲ့သည် စုပေါင်းညီညာခြင်း၊ရိုင်းပင်းကူညီခြင်းစသည့် ပြည့်ဝသောလူမှုရေးဓလေ့ဖြစ်ပါသည်။အဖွဲ့၏ လူပျိုခေါင်းနှင့်အပျိုခေါင်းတို့ကိုရပ်ရွာ၏ အများကြည်ညိုလေးစားခြင်းခံရသူ၊လုပ်နိုင်ကိုင်နိုင်သူ အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတို့ကို တင်မြှောက်ထားကြသည်။

တိုင်းလိုင်လူမျိုးတို့ နေထိုင်သည့်ရပ်ရွာများတွင် သာရေးနာရေးကိစ္စကြီးများပေါ်ပေါက်လာလျှင်ဝေယျာဝစ္စ လုပ်ကိုင်စရာများအားလုံးကိုပထမဦးစွာလူပျိုခေါင်းထံသွားရောက်ကာအပျိုလူပျိုအဖွဲ့ကိုအလှူပွဲလုပ်ဆောင်စရာများ လိုအပ်ပါကြောင်း၊လာရောက်ကူညီကြရန် ဖိတ်ကြားပါ

ကြောင်းဖြင့်ပြောရသည်။ထိုအခါ လူပျိုခေါင်းကစုဝေး ဆော်ဩကာရပ်ရွာအတွင်းရှိ အပျို လူပျိုအားလုံးကိုစုရုံး စေ၍အလုပ်များခွဲဝေပေးပါသည်။အလှူပွဲရက်ရောက်လျှင် လည်း ဧည့်ပရိတ်သတ်များကို ချက်ပြုတ်ကျွေးမွေး ဧည့်ခံကြသည်။ထို့အတူပင် မင်္ဂလာဧည့်ခံပွဲ၊အလှူပွဲ၊နှစ် သစ်ကူးပွဲ စသည်တို့လည်း ဝိုင်းဝန်းဆောင်ရွက်ကြသည်။ ထို့သို့ဝိုင်းဝန်းလုပ်ကိုင်ကြရာ၌ အလှူရှင်၊ပွဲရှင်များက လည်းကောင်း၊ အခြားရွာသူရွာသားများကလည်းကောင်း ပြန်ကြည့်စရာမလိုလောက်အောင်ထောင့်စေ့ကြသည်။လူ ပျိုခေါင်းအပျိုခေါင်းတို့၏ ဦးဆောင်မှုအောက်တွင် စည်း ကမ်းသေဝပ်စွာလိုက်နာဆောင်ရွက်ကြသည်မှာ အတုယူ ဖွယ်ကောင်းလှသည့် တိုင်းလိုင်တို့၏ လူမှုရေးရာရိုးရာ ဓလေ့ပင်ဖြစ်ပါသည်။

အခြားလေးစားဖွယ်ရာကောင်းသော လူမှုရေးရာ ရိုးရာဓလေ့များလည်းရှိသေးသည်။ တိုင်းလိုင်တိုင်းရင်း သားများသည် “တစ်မူးရလို့တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား” ဟူသော သီချင်းစာသားများကဲ့သို့ပင် လှူဒါန်းဖို့ရန်အတွက်သာအာရုံပြုနေသူများဖြစ်ကြသည်။






D/mai than myint



D/mai than myint

သီတင်းကျွတ်ပြီဆိုလျှင်အခြားတစ်ရွာသို့ အတီး အမှုတ် အကအခုန်များတို့ဖြင့် ရွာလုံးကျွတ်မျှသွား၍ဘုန်းကြီး ကန်တော့သွားကြသည်။ရွာခံတို့ကလည်း ရောက်လာကြသောဧည့်သည်များကို အိုးစည်၊ ဗုံမောင်းများဖြင့် တီးမှုတ်ကခုန်ကာကြိုဆိုကြပြီး မုန့်ပဲသားရေစာများ၊ ထမင်းဟင်းများဖြင့် တည်ခင်းဧည့်ခံကြသည်။ထိုသို့ တစ်ရွာနှင့်တစ်ရွာ အပြန်အလှန်သွားကာ ကန်တော့ကြခြင်းဖြင့် အချင်းချင်းရင်းနှီးကျွမ်းဝင်ကြကာကုသိုလ်စေတနာသဒ္ဒါတရားများပွားများကြသည်။

ထို့အတူပင် သင်္ကြန်ရက်များတွင် တိုင်းလိုင်တိုင်းရင်းသားတို့သည် တစ်ရွာနှင့်တစ်ရွာသွားကာ ဘုန်းတော်ကြီးများကို ကန်တော့ကြပါသည်။သင်္ကြန်ရက်ဖြစ်သော်လည်း တစ်ဦးကိုတစ်ဦး စိတ်အနှောင့်အယှက်ဖြစ်လောက်အောင် ရေလောင်းခြင်းမှာ မရှိသလောက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းလိုင်တိုင်းရင်းသားတို့သည် မိမိပျော်ရွှင်ဖို့ထက် ဘာသာရေးဓလေ့များကိုသာ ဦးထိပ်ထား၍ အစဉ်တစ်စိုက်ထိန်းသိမ်းလျှက်ရှိပါသည်။

## မှီငြမ်းကိုးကားချက်များ

(၁) ၅-၅-၂၀၁၈ နေ့ထုတ် ကြေးမုံသတင်းစာအထူးကဏ္ဍ

တိုင်းရင်းသားရေးရာ အချပ်ပို

(၂) ၂၁-၇-၂၀၁၉ နေ့ထုတ် ကြေးမုံသတင်းစာအထူးကဏ္ဍ

တိုင်းရင်းသားရေးရာ အချပ်ပို

(၃)https:/m.facebook.com/grops/426712497522104?view= Permalink&id=1135558929970787

(၄)ကရင်လူမျိုးတို့၏ရိုးရာယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များပြုစုရေးအဖွဲ့ ( Drum Publication Group ) စာအုပ်မှ ကူးယူခြင်းဖြစ်သည်။

(၅) ၁၉-၁-၂၀၁၉ နေ့ထုတ် ကြေးမုံသတင်းစာအထူးကဏ္ဍ

တိုင်းရင်းသားရေးရာ အချပ်ပို

(၆)၂၆-၁၀-၂၀၁၉ နေ့ထုတ်ကြေးမုံသတင်းစာအထူးကဏ္ဍ တိုင်းရင်းသားရေးရာ အချပ်ပို

(၇) ဓမ္မပဒ၊ ကာဌီဘီလူးမဝတ္ထု။ ပေါင်မြို့တွင်းမွန်လယ်သမားများ၏လယ်နတ်တင်ခြင်းဓလေ့(လက်တွေ့)

(၈) ၁၀-၂-၂၀၁၈နေ့ထုတ်ကြေးမုံသတင်းစာအထူးကဏ္ဍ

တိုင်းရင်းသားရေးရာ အချပ်ပို

(၉) ၂၄-၃-၂၀၁၈နေ့ထုတ်ကြေးမုံသတင်းစာအထူးကဏ္ဍ
တိုင်းရင်းသားရေးရာ အချပ်ပို

(၁၀) ဆောင်းပါးရှင် ရှန်းခန့်ဇော်(ပင်းတယ)။

(၁၁) -မြဂုဏ်ဆောင်(ကချင်မြေ)ရေးသားသည့်သွေးချင်း
တိုင်းလိုင်ရှမ်း တို့၏အပျိုလူပျိုဓလေ့စာအုပ်။

- ကောင်းမွန်ရေးသားသည့်ရှမ်းနီရိုးရာဓလေ့များစာအု
ပ်။